# aum&EKoOg'pmyxrapmi

၁ ငါပေါလုထံမှ ကြားလိုက်ပါ၏။ ငါသည် ခရစ်တော်ယေရှု၏တမန်တော်တစ်ပါးအရာ၌ ခေါ်တော်မူခြင်း *(ရွေးကောက်တော်မူခြင်း)* ကို ခံရ၏။ ငါသည်ခေါ်တော်မူခြင်းကို ခံရ၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ဘုရားသခင်၏ အလိုတော်ဖြစ်၏။

ခရစ်တော်၌ ငါတို့ညီဖြစ်သော သူသင်ထံမှလည်း ကြားလိုက်ပါ၏။

၂ ကောရိန္သုမြို့၌ရှိသော ဘုရားသခင်၏ အသင်းတော်နှင့် ခရစ်တော်ယေရှုအထဲ၌ သန့်ရှင်းစေတော်မူခြင်းသို့ ရောက်ပြီးဖြစ်သော သူတို့အား ကြားလိုက်ပါ၏။ သင်တို့သည် ဘုရားသခင်၏ သန့်ရှင်းတော်မူသောလူမျိုးများဟူ၍ ခေါ်တော်မူခြင်းကို ခံရ၏။ ထိုသူတို့နှင့် ငါတို့ သခင်ဘုရား ဖြစ်တော်မူသော သခင် ယေရှုခရစ်တော်၏နာမတော်၌ ယုံကြည်ကိုးစားသောနေရာအနှံ့ရှိလူအားလုံးတို့နှင့်အတူသင်တို့သည် ခေါ်တော်မူခြင်းကို ခံရကြ၏။

၃ ဘုရားသခင်တည်းဟူသော ငါတို့၏အဖနှင့် သခင်ယေရှုခရစ်တော်ထံမှလာသော ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့်ငြိမ်သက်ခြင်းသည်သင်တို့အပေါ်၌ ရှိပါစေသော။

## ပေါလု ဘုရားသခင်အား ကျေးဇူးတင်ခြင်း

၄ ငါသည် သင်တို့အတွက်ကြောင့် ငါ၏ ဘုရားသခင်ကို အစဉ်မပြတ်ကျေးဇူးတင်လျက် ချီးမွမ်း၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျေးဇူးတော် *(ကြင်နာခြင်း)* ကို ခရစ်တော်ယေရှုအားဖြင့် သင်တို့အား ပေးတော်မူ၏။ ၅ သင်တို့သည် ယေရှုခရစ်တော်အားဖြင့် ခပ်သိမ်းသောအရာတို့၌ကောင်းချီးမင်္ဂလာ ကို ခံရကြပြီးဖြစ်၏။ သင်တို့ပြောဆိုခြင်းနှင့် သင်တို့၏ဉာဏ်ရှိသမျှတို့၌ ကောင်းချီးမင်္ဂလာကို ခံရကြ၏။ ၆ ခရစ်တော်အကြောင်းမှန်သော တရားသည် သင်တို့၌သက်သေပြတော်မူပြီ။ ၇ ထို့ကြောင့် သင်တို့သည် ငါတို့သခင်ယေရှုခရစ်တော်၏ ဒုတိယအကြိမ်ကြွလာမည့် နေ့ ရက်ကို မျှော်လင့်၍ နေစဉ်ဆုကျေးဇူးအလုံးစုံတို့ ကို ဘုရားသခင်ထံတော်မှ ရကြ၏။ ၈ ယေရှုသည် သင်တို့ကို အဆုံးတိုင်ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်။ သူသည် သင်တို့ကို ခိုင်ခံ့စေသည်ဖြစ်၍ ငါတို့ သခင်ယေရှုခရစ်တော် တစ်ဖန်ပြန်ကြွလာသောနေ့ရက်၌ အပြစ်တင်စရာအခွင့်နှင့် ကင်းလွတ်မည်အကြောင်းဖြစ်၏။ ၉ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။ သူသည် ငါတို့ သခင်ယေရှုခရစ်တော်တည်းဟူသော မိမိ၏သားတော်မြတ်နှင့်အတူ သင်တို့သည် အသက်ကို ဆက်ဆံခြင်းငှာ သင်တို့ကို ခေါ်တော်မူသောသူပင်ဖြစ်၏။

## ကောရိန္သုမြို့ရှိသောပြဿနာများ

၁၀ ညီအစ်ကိုမောင်နှမများတို့ ငါတို့သခင်ယေရှုခရစ်တော်၏နာမတော်ကို အမှီပြု၍ သင်တို့ကို ငါ နှိုးဆော်တောင်းပန်၏။ သင်တို့တွင် မကွဲပြားဘဲရှိစေရန် တစ်ယောက်ကိုတစ်ယောက် စိတ်သဘောတသမတ်တည်းရှိကြရန် ငါနှိုးဆော်တောင်းပန်၏။ သင်တို့သည် အတွေးအခေါ် တစ်ခု၊ ရည်ရွယ်ချက်တစ်ခုရှိ၍ တစ်လုံးတစ်ဝတည်းရှိကြရန် ငါ နှိုးဆော်တောင်းပန်၏။ ၁၁ ငါ၏ ညီအစ်ကိုမောင်နှမများတို့ သင်တို့၏အကြောင်းကို ခလောဧအိမ်သားအချို့တို့က ပြောပြကြ၏။ ၁၂ သင်တို့အထဲတွင် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်ကို ငါကြား၏။ ငါဆိုလိုသည်အကြောင်းမှာ သင်တို့တွင် တစ်ယောက်က "ငါသည် ပေါလု၏နောက်သို့လိုက်၏" ဟုဆို၏။ အခြားတစ်ယောက်က "ငါသည် အာပေါလုနောက်သို့လိုက်၏"ဟု ဆို၏။ အခြားတစ်ယောက်ကလည်း "ငါသည်ကေဖ *(ပေတရု)* နောက်ကိုလိုက်၏"ဟု ဆို၏။ ၁၃ အခြားတစ်ယောက်က "ငါသည် ခရစ်တော်နောက်လိုက်သည်"ဟု ဆိုပြန်၏။ ခရစ်တော်သည် အုပ်စုအမျိုးမျိုး မကွဲပြားနိုင်။ ၁၄ ပေါလုသည် သင်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံတော်မူပြီလား။ အသေမခံပါ။ သင်တို့သည် ပေါလု၏နာမတော်၌ ဗတ္တိဇံကို ခံကြပါသလား။ ထိုသို့ မခံကြပါ။ ငါသည် ကရိပ္ပုနှင့် ဂါယုမှတပါး သင်တို့တွင် အဘယ်သူကိုမျှ ဗတ္တိဇံမပေးသည်

ဖြစ်၍ ကျေးဇူးတင်ပါ၏။ ၁၅ ယခုတွင် သင်တို့ တစ်
ယောက်မျှ ငါ၏နာမ၌ဗတ္တိဇံ ခံသည်ဟု ပြောခွင့်
မရှိသည်ဖြစ်၍ ငါသည် ကျေးဇူးတင်ဝမ်းမြောက်
လျက်ရှိ၏။ ၁၆ (ငါသည် သတေဖန်၏ အိမ်သူ
အိမ်သားတို့ကိုလည်း ဗတ္တိဇံပေးပြီ။ သို့သော်လည်း
အခြားမည်သူ့ကို ငါဗတ္တိဇံပေးသည် ငါမမှတ်မိ)။
၁၇ ခရစ်တော်သည် ငါ့အား လူတို့ကို ဗတ္တိဇံပေးရန်
အခွင့်မပေး။ ခရစ်တော်သည် ငါ့ အားဝမ်းမြောက်
စရာသတင်းကောင်းကို ဟောပြောသောအလုပ်ကို
သာ ပေးတော်မူ၏။ သို့သော်လည်း ဝမ်းမြောက်
စရာသတင်းကောင်းကို ဟောပြောရာတွင် လောကီ
ပညာစကားတို့ကို အသုံးမပြုဘဲ ဟောပြောရန် ခရစ်
တော်သည် ငါ့ကို စေလွှတ်တော်မူ၏။ ငါသည်
ဝမ်းမြောက်စရာသတင်းကောင်းကို ဟောပြောရာ
တွင် လောကီပညာကို အသုံးပြုမိသည်ရှိသော် ခရစ်
တော်၏လက်ဝါးကပ်တိုင်တရား၏ တန်ခိုးတော်ကို
ဆုံးရှုံးသွားမည်ဖြစ်၏။

## ဘုရားသခင်၏တန်ခိုးတော်နှင့် ပညာသည် ခရစ်တော်၌ရှိခြင်း

၁၈ ထိုဆုံးရှုံးခြင်းသို့ ရောက်သောသူတို့၌ လက်ဝါး
ကပ်တိုင်တော်တရားအကြောင်းဟောပြောသွန်သင်
ခြင်းသည် မိုက်သောတရားဖြစ်၏။ ၁၉ သို့သော်လည်း
ကယ်တင်တော်မူခြင်းသို့ရောက်သော ငါတို့၌ ထို
တရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။
ကျမ်းစာထဲ၌ ဤသို့ရေးထား၏။

"ငါသည် ပညာရှိသောသူတို့၏
ပညာကို ဖျက်ဆီးမည်။
ငါသည် ဉာဏ်ကောင်းသောသူတို့၏
ဉာဏ်ကိုလည်း ဘာမှမဖြစ်စေရန် ပယ်မည်"
*ဟေရှာယ ၂၉:၁၄*

၂၀ ပညာရှိသောသူအဘယ်မှာရှိသနည်း။ ကျမ်း
ပြုဆရာတို့သည်အဘယ်မှာရှိသနည်း။ယခုကာလ၏
အတွေးအခေါ်ပညာရှင်တို့သည် အဘယ်မှာရှိသ
နည်း။ ၂၁ ဘုရားသခင်သည် လောကီပညာကို မိုက်
စေတော်မူ၏။ လောကီသားတို့သည် မိမိတို့၏လော
ကီပညာအားဖြင့် ဘုရားသခင်ကို မသိကြ။ ထို့ကြောင့်
ဘုရားသခင်သည် မိုက်မဲသည်ဟုထင်ရသော ဒေသ
နာတော်အားဖြင့် ယုံကြည်သောသူတို့ကို ကယ်တင်
ရန် အလိုရှိတော်မူ၏။ ၂၂ ဂျူးလူမျိုးတို့သည် သက်
သေအဖြစ် နိမိတ်လက္ခဏာကို တောင်းတတ်ကြ
၏။ ဂရိလူတို့သည် ပညာကိုအလိုရှိကြ၏။ ၂၃ သို့သော်
လည်း ငါတို့ ဟောပြောသည်မှာ ခရစ်တော်သည်
လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူ၏။ ထိုအ
ရာမှာ ဂျူးလူမျိုးတို့အတွက် ကြီးမားသော ပြဿနာ
တစ်ခုဖြစ်လေသည်။ ထိုအရာမှာ ဂျူးလူမျိုးမဟုတ်
သောလူမျိုးတို့အတွက် မိုက်မဲရာဖြစ်၏။ ၂၄ သို့သော်
ဘုရားသခင်ခေါ်တော်မူသော *(ရွေးကောက်သော)*
ယုဒလူမျိုးတို့နှင့် ဂရိလူမျိုးများ *(ဂျူးမဟုတ်သော
သူများ)* တို့အတွက် ခရစ်တော်သည် ဘုရားသခင်
၏တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်ဖြစ်
၏။ ၂၅ ဘုရားသခင်၏မိုက်မဲခြင်းအရာသည်ပင်
လူတို့ပညာရှိသည်ထက် သာ၍ပညာရှိ၏။ ဘုရား
သခင်၏အား နည်းချက်သည်ပင် လူတို့၏ အစွမ်း
ထက် သာ၍အစွမ်းရှိလေ၏။

၂၆ ညီအစ်ကိုမောင်နှမများတို့ ဘုရားသခင်သည်
သင်တို့ကို ခေါ်တော်မူ *(ရွေးကောက်)*၏။ ထိုအ
ကြောင်းအရာကိုဆင်ခြင်ပါ။ လောကီသားတို့ စီရင်
သော နည်းလမ်းအားဖြင့် ပညာရှိသောသူ သင်တို့
၌ အများစုမပါ။ ထင်ရှားသောလူကြီးအများစုမပါ။
၂၇ သင်တို့တွင် မင်းမျိုးမင်းနွယ်မှလာသောသူ အ
များစုမပါ။ သို့သော်လည်း ဘုရားသခင်သည်
လောကီအရာ၌မိုက်မဲသော သူတို့ကို ရွေးကောက်
တော်မူ၍ ပညာရှိတို့ကို ရှက်ကြောက်စေတော်မူ
၏။ ဘုရားသခင်သည် လောကီအရာ၌ အားနည်း
သောသူတို့ကိုရွေးကောက်တော်မူ၍ အားကြီးသော
အစွမ်းသတ္တိ ရှိသူတို့ကို ရှက်ကြောက်စေတော်မူ
၏။ ၂၈ လောကီသားတို့အရေးမကြီးဟု ထင်သော
အရာများကို ဘုရားသခင်သည် ရွေးကောက်တော်
မူ၏။ လောကီသားတို့သည် မုန်း၍ ဘာမျှမဟုတ်
ဟု ထင်မှတ်သောအရာတို့ကို ဘုရားသခင် ရွေး
ကောက်တော်မူ၏။ ၂၉ ဘုရားသခင်၌ အဘယ်သူမျှ
ဝါကြွားစရာအခွင့်မရှိစေရန် ဘုရားသခင်သည်
ထိုအရာများတို့ကို ပြုတော်မူ၏။ ၃၀ သင်တို့ကို ခရစ်
တော်ယေရှု၌ တည်နေစေရန် ပြုတော်မူသောသူ
သည် ဘုရားသခင်ဖြစ်တော်မူ၏။ ခရစ်တော်သည်
ငါတို့အတွက်ဘုရားသခင်ထံတော်မှလာသောပညာ
ဖြစ်၏။ ဘုရားသခင်ရှေ့၌ဖြောင့်မတ်ခြင်းနှင့် အပြစ်
တရားမှ လွတ်မြောက်ခြင်းအကြောင်းရင်းဖြစ်၏။ ငါ
တို့၏ သန့်ရှင်းရာအကြောင်းလည်း ဖြစ်၏။ ၃၁ ထို့
ကြောင့်

"ဝါကြွားလိုသောသူသည်
ဘုရားသခင်၌သာ ဝါကြွားစေ"
ကျမ်းစာ၌ ရေးထား၏။ *ယေရမိ ၉:၂၄*

## လက်ဝါးကပ်တိုင်ပေါ်မှ ခရစ်တော်၏ တရားဒေသနာ

၂ ချစ်သောညီအစ်ကိုမောင်နှမများတို့ ငါသည်
သင်တို့ရှိရာသို့ လာသောအခါ ဘုရားသခင်
၏သမ္မာတရားကို သင်တို့အား ငါဟောပြော၏။ သို့
သော်လည်း ငါသည် စိတ်ကူးယဉ်သောအရာ၊ ထင်
မြင်ချက်များ သို့မဟုတ် ထူးမြတ်သောပညာတို့ကို
အသုံးပြုခြင်းမရှိခဲ့ပါ။ ၂ ငါသည် သင်တို့နှင့်အတူရှိ
နေစဉ် ယေရှုခရစ်တော် လက်ဝါးကပ်တိုင်ပေါ်
တွင် အသေခံတော်မူခြင်းမှတပါး အခြားမည်သည့်
အကြောင်းအရာကိုမျှ အောက်မေ့ခြင်းမရှိဘဲနေမည်
ဟု ဆုံးဖြတ်၏။ ၃ ငါ သင်တို့ရှိရာသို့ရောက်သော
အခါ ငါသည် အားနည်းလျက်၊ ကြောက်ရွံ့ခြင်းနှင့်
တုန်လှုပ်၏။ ၄ ငါ၏သွန်သင်ခြင်းနှင့် ဟောပြောခြင်း
တို့သည်လည်း လူတို့ကိုသိမ်းသွင်း၊ ဖြားယောင်းသော
စကားများမဟုတ်။ သို့သော်လည်း ငါ၏သွန်သင်
ခြင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအား
ဖြင့် ဖြစ်ကြောင်း သက်သေရှိ၏။ သင်တို့သည် လူ
ပညာအားဖြင့် မတည်။ ၅ ဘုရားသခင်တန်ခိုးအား
ဖြင့် တည်စေရန် ငါသည် ဤအရာတို့ကိုဟောပြော၏။

## ဘုရားသခင်၏ ပညာတော်

၆ ဘုရားသခင်သည် စုံလင်၍ ရင့်ကျက်သော
သူတို့အား ပညာစကားကို ဟောပြောသွန်သင်ကြ
၏။ သို့သော်လည်း ငါတို့ဟောပြောသော ပညာ
စကားသည် လောကီပညာကို မဆိုလို။ လောကီ
မင်းတို့၏ပညာကို မဆိုလို။ ၇ ထိုလောကီမင်းတို့
သည် သူ၏တန်ခိုးအာဏာနှင့်အတူ ကွယ်ပျောက်
လိမ့်မည်။ သို့သော်လည်း ငါတို့သည် နက်နဲသော
အရာ၌ ဝှက်ထားသော ဘုရားသခင်၏ ပညာကို
ပြသကြ၏။ ဤပညာသည် လူတို့ထံမှ ဖုံးကွယ်ထား
လျက်ရှိ၏။ ဤပညာသည် ငါတို့၏ဘုန်းအသရေ
အတွက်ဖြစ်စေရန် ဘုရားသခင်သည် စီရင်တော်
မူ၏။ ၈ သူသည် ဤအရာကို ကမ္ဘာမတည် မရှိမီ
စီရင်တော်မူ၏။ ထိုပညာကို လောကီမင်းတစ်စုံ
တစ်ယောက်ကမျှ မသိကြ။ ထိုပညာကို သိခဲ့ကြ
လျှင် သူတို့သည် ဘုန်းကြီးတော်မူသော သခင်ကို
လက်ဝါးကပ်တိုင်ပေါ်မှာသတ်ကြလိမ့်မည်မဟုတ်။
၉ သို့သော်လည်း ကျမ်းစာ၌ ဤသို့ ရေးထား၏။

“ဘုရားသခင်ကို ချစ်တော်မူသော
သူတို့အတွက်
ဘုရားသခင်ပြင်ဆင်တော်မူသော
အရာတို့ကို
မြင်သော မျက်စိအလျှင်းမရှိပြီ၊
ကြားသောနားလည်းအလျှင်းမရှိ၊
မည်သူတစ်ဦးတစ်ယောက်ကမျှ
စိတ်နှလုံးဖြင့် မကြံစည်သေး”

*ဟေရှာယ ၆၄း၄*

၁၀ သို့သော်လည်း ဘုရားသခင်သည် ဤအရာ
များကို ငါတို့အား သန့်ရှင်းသောဝိညာဉ်တော်အား
ဖြင့် ဖော်ပြတော်မူ၏။
ဝိညာဉ်တော်သည် ခပ်သိမ်းသောအရာတို့ကို
သိမြင်တော်မူ၏။ ၁၁ ထိုအရာမှာ ဤသို့ဖြစ်၏။ ထို
ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာ
များကိုပင် သိမြင်တော်မူ၏။ ထိုအရာမှာ အခြား
သောသူတစ်ယောက်၏ စိတ်ထဲတွင် ရှိသောအရာ
ကို မည်သူမျှ မသိနိုင်။ ထိုလူအထဲတွင်ရှိသော
သူ၏ စိတ်ဝိညာဉ်က သိတော်မူ၏။ ဘုရားသခင်
လည်း ထိုအတိုင်းပင်ဖြစ်တော်မူ၏။ ဘုရားသခင်၏
နက်နဲသောအရာကို မည်သူမျှမသိနိုင်။ ထိုအရာ
တို့ကို ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်
တစ်ပါးတည်းကသာလျှင်သိတော်မူ၏။ ငါတို့သည်
လောကီဝိညာဉ်ကို မခံရကြ။ သို့သော်လည်း ငါတို့
သည် ဘုရားသခင်ထံတော်မှလာသော ဝိညာဉ်တော်
ကို ခံရကြ၏။ ဘုရားသခင်သည် ငါတို့အား ပေး
တော်မူသောအရာများတို့ကိုသိမြင်နိုင်စေရန် ငါတို့
သည် ထိုဝိညာဉ်တော်ကို ခံရကြ၏။ ၁၃ ငါတို့သည်
ဤအရာများကို ပြောဆိုကြသောအခါ ငါတို့အား
သွန်သင်ရန် လောကီသားတို့၌ရှိသည့် ပညာကို
အသုံးပြု၍ ငါတို့ ဟောပြောကြသည် မဟုတ်။ ငါတို့
သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဟော
ပြောသွန်သင်ကြ၏။ ငါတို့သည် ဝိညာဉ်နှင့်စပ်ဆိုင်
သောအရာများတို့ကို ရှင်းလင်းဖော်ပြရန် ဝိညာဉ်
စကားများကို အသုံးပြု၏။ ၁၄ ဝိညာဉ်နှင့်စပ်ဆိုင်
သောသူမဟုတ်သူသည် ဘုရားသခင်၏ ဝိညာဉ်
တော်မှ လာသောအရာများကို မခံမယူ။ ထိုအရာ
များကို မိုက်မဲသောအရာဖြစ်သည်ဟု ထိုသူထင်
မှတ်တတ်၏။ သန့်ရှင်းသောဝိညာဉ်တော်အရာ
များတို့ကို ထိုသူသည် နားမလည်။ အဘယ်ကြောင့်
ဆိုသော် ထိုအရာများတို့ကို သန့်ရှင်းသောဝိညာဉ်
တော်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သော
ကြောင့်ဖြစ်၏။ ၁၅ သို့သော်လည်း ဝိညာဉ်လူသည်
ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍ နားလည်တတ်
၏။ ထိုလူကို အခြားသော သူတို့သည် ပိုင်းခြား၍
မသိနိုင်။ ၁၆ ကျမ်းစာ၌ ဤသို့ ရေးထား၏။

"အဘယ်သူသည် ထာဝရဘုရား၏
စိတ်တော်ကို သိသနည်း။
အဘယ်သူသည် ထာဝရဘုရားအား
အဘယ်အရာကို ပြုရမည်ဟု
သွန်သင်နိုင်ပါသနည်း"

*ဟေရှာယ ၄၀း၁၃*

သို့သော်လည်း ငါတို့သည် ဘုရားသခင်၏စိတ်တော်
ကို ခံရကြ၏။

## လူတို့နောက်လိုက်ခြင်းသည် မှားခြင်း

၃ ညီအစ်ကိုမောင်နှမများတို့ လွန်ခဲ့ပြီးသောအ
ချိန်တွင် ငါသည် သင်တို့ကို ဝိညာဉ်လူတို့အား
ဟောပြောသကဲ့သို့ မဟောပြောနိုင် ခဲ့ပါ။ ၂ သင်တို့
သည် ခရစ်တော်၌ ကလေးသူငယ်များကဲ့သို့
လောကီလူတို့နည်းတူ သင်တို့အား ဟောပြောခဲ့၏။
သင်တို့အား ငါသွန်သင်သော တရားဒေသနာသည်
နို့ကဲ့သို့ဖြစ်၍ မာသောအစားအစာမဟုတ်။ ငါသည်
ဤသို့ပြု၏။ အဘယ်ကြောင့်ဆိုသော် သင်တို့သည်
မာသောအစာကို စားရန် အဆင်သင့်မဖြစ်သေး။
ယခုပင်လျှင် သင်တို့သည် မာသောခဲဖွယ်၊ စား
ဖွယ်များကို မကြေနိုင်ကြသေး။ ၃ သင်တို့သည် ယခု
တိုင်အောင် ဝိညာဉ်လူ မဖြစ်ကြသေး။ သင်တို့၌
မနာလိုခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ အချင်း
ချင်းကွဲပြားခြင်းရှိကြ၏။ ဤအရာများအားဖြင့် သင်
တို့သည် ဝိညာဉ်လူမဖြစ်ကြသေးသည်ကို ထင်ရှား
စွာ ဖော်ပြ၏။ သင်တို့သည် လောကီသားများနည်း
တူကျင့်ကြ၏။ ၄ သင်တို့တွင် တစ်စုံတစ်ယောက်
က "ငါသည် ပေါလုနောက်သို့ လိုက်သည်"ဟု ဆို
ပြန်၏။ သင်တို့သည် ထိုကဲ့သို့ပြောဆိုကြသောအခါ
သင်တို့သည် လောကီသားတို့နည်းတူ ဇာတိပကတိ
၌ ကျင့်ကြခြင်းဖြစ်၏။
၅ အာပေါလုသည် အရေးပါသောသူဖြစ်ပါသ
လား။ မဟုတ်ပါ။ ပေါလုသည် အရေးပါသောသူ
ဖြစ်ပါသလား။ မဟုတ်ပါ။ ငါတို့သည် သင်တို့ ယုံ
ကြည်နိုင်ရန် ကူညီကြသော ဘုရားသခင်၏ အစေခံ
များသာဖြစ်ကြ၏။ ငါတို့ တစ်ယောက်စီတိုင်းတို့
သည် ငါတို့အား ဆောင်ရွက်ရန် ဘုရားသခင် ပေး
တော်မူသော အမှုတို့ကို လုပ်ဆောင်သောသူများ
ဖြစ်ကြ၏။ ၆ ငါသည် မျိုးစေ့ *(သွန်သင်ခြင်း)* ကို စိုက်
ပျိုး၏။ အာပေါလုသည် ထိုအပင်ကို ရေလောင်း
၏။ သို့သော်လည်း ဘုရားသခင်သည် ထိုမျိုးစေ့
ကို ကြီးထွားစေရန် ပြုတော်မူသောသူဖြစ်၏။ ၇ ထို့
ကြောင့် စိုက်ပျိုးသောသူသည် အရေးကြီးသည် မ
ဟုတ်။ ရေလောင်းသောသူသည်လည်း အရေးကြီး
သည်မဟုတ်။ ဘုရားသခင်တစ်ပါးတည်းသာလျှင်
အရေးကြီးတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်
တော်သည် အပင်ကို ကြီးထွားရန် ပြုတော်မူသော
သူဖြစ်၏။ ၈ စိုက်ပျိုးသောသူနှင့် ရေလောင်းသောသူ
နှစ်ဦးတို့သည် ရည်ရွယ်ချက်တစ်မျိုးတည်းဖြစ်ကြ
၏။ သူတို့တစ်ယောက်စီသည် မိမိတို့အသီးသီး
လုပ်ရသော အရာပေါ်၌ အကျိုးကို ခံရကြမည်။
၉ ငါတို့သည် ဘုရားသခင်အတွက် အတူတကွ အ
လုပ်လုပ်သောသူများဖြစ်ကြ၏။ သင်တို့သည် ဘုရား
သခင်ပိုင်တော်မူသော လယ်ကွင်းပြင်ကဲ့သို့ဖြစ်၏။
သင်တို့သည် ဘုရားသခင်တည်တော်မူသော
အိမ်တော်များဖြစ်ကြ၏။ ၁၀ ငါသည် ကျွမ်းကျင်သော
(ဗိသုကာ) ကဲ့သို့ အုတ်မြစ်ကိုချပြီး အိမ်ကို တည်
ဆောက်၏။ ငါသည် ဆုကျေးဇူးကို အသုံးပြု၍ ဘုရား
သခင်သည် ငါ့အားလုပ်ဆောင်ရန် အပ်ပေးတော်
မူသောအရာတို့ကို ဆောင်ရွက်၏။ အခြားသော သူ
တို့သည် ထိုအုတ်မြစ်ပေါ်၌ ထပ်ဆင့်၍ တည်
ဆောက်ကြ၏။ သို့သော်လည်း အဘယ်သို့ တည်
ဆောက်ရမည့်အကြောင်းကို ဆောက်သောသူတစ်
ယောက်ချင်းစီတို့သည် ဂရုတစိုက် တည်ဆောက်
ရပါမည်။ ၁၁ အုတ်မြစ်သည် အဆင့်ဆင့်ချလျက်ရှိ
ပြီးဖြစ်၏။ မည်သူတစ်ဦးတစ်ယောက်ကမျှ အခြား
သော မည်သည့်အုတ်မြစ် ပေါ်၌မျှ မတည်ဆောက်
နိုင်။ အဆင့်ဆင့်ချလျက်ရှိသော အုတ်မြစ်မှာ ယေရှု
ခရစ်တော်ပင်ဖြစ်ပါသည်။ ၁၂ လူတစ်ယောက်သည်
ရွှေ၊ ငွေ၊ ကျောက် ကောင်း၊ သစ်သား၊ မြက်ပင်
သို့မဟုတ် ကောက်ရိုးတို့ကို အသုံးပြု၍ ထိုအုတ်
မြစ်ပေါ်သို့ တည်ဆောက်နိုင်၏။ ၁၃ သို့သော်လည်း
လူတစ်ယောက်စီတိုင်းသည် မိမိတို့လုပ်သည်အတိုင်း
ထင်ရှားစွာမြင်နိုင်ရန် ပေါ်လာလိမ့်မည်။ အဘယ်
ကြောင့်ဆိုသော် ထိုနေ့ရက်သည် ရှင်းလင်းထင်
ရှားစွာ ဖော်ထုတ်လိမ့်မည်။ ထိုနေ့ရက်သည် မီး
အားဖြင့် ပေါ်လာလိမ့်မည်။ ထိုမီးသည်လည်း လူ
တိုင်းတို့အား မိမိတို့လုပ်ခဲ့သည်အတိုင်း စစ်ကြော
လိမ့်မည်။ ၁၄ ထိုအုတ်မြစ်ပေါ်၌ လူတစ်ယောက်
တည်ဆောက်ထားသောအိမ်သည် မပြိုမလဲတည်
နေ၏။ ထိုသူသည် ဆုကျေးဇူးကို ခံရလိမ့်မည်။
၁၅ သို့သော်လည်း လူတစ်ယောက်ဆောက်ထားသော
အိမ်သည် မီးလောင်ကျွမ်း၏။ ထိုသူသည် အရှုံးခံ
ရလိမ့်မည်။ ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်

လိမ့်မည်။ မီးမှ လွတ်သကဲ့သို့ ဖြစ်ရပါလိမ့်မည်။
၁၆သင်တို့ကိုယ်တိုင်သည် ဘုရားသခင်၏ ဗိမာန်
တော် *(အိမ်)* ဖြစ်ကြသည်ကို သင်တို့ သိရကြမည်။
ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌
ကိန်းဝပ်တော်မူ၏။ ၁၇ မည်သူမဆို ဘုရားသခင်၏
ဗိမာန်တော်ကို ဖျက်ဆီးလျှင် ဘုရားသခင်သည်
ထိုသူကို ဖျက်ဆီးတော်မူလိမ့်မည်။ အဘယ်
ကြောင့်ဆိုသော် ဘုရားသခင်၏ ဗိမာန်တော်သည်
သန့်ရှင်းတော်မူ၏။ သင်တို့ကိုယ်တိုင်သည်လည်း
ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။
၁၈ သင်တို့သည် ကိုယ့်ကိုယ်ကို မိုက်မဲခြင်းငှာ
မပြုကြပါနှင့်။ သင်တို့အထဲတွင် မည်သူမဆို၊ သူ
သည် ဤလောက၌ ပညာရှိသည်ဟု ထင်မှတ်လျှင်၊
ထိုသူသည် မိုက်မဲသောသူဖြစ်ပေမည်။ ထို့နောက်
သူသည် အမှန်တကယ် ပညာရှိသောသူဖြစ်လာနိုင်
ပါသည်။ ၁၉ အဘယ်ကြောင့်ဆိုသော်၊ ဤလောကီ
ပညာသည် ဘုရားသခင်ရှေ့တော်၌ မိုက်မဲခြင်း
ဖြစ်၏။ ကျမ်းစာ၌ ဤသို့ ရေးထား၏။ “ပညာရှိ
သော *(ခေတ်ဆန်သော)* သူတို့သည် သူတို့၏ ခိုး
ကြောင်ခိုးဝှက်နိုင်သောနည်းလမ်းများကို သုံးလာ
ကြသောအခါ သူ *(ဘုရားသခင်)* သည် လက်ပူး
လက်ကျပ် ဖမ်းမိလေ၏။ ၂၀ တစ်ဖန် ကျမ်းစာ၌
ရေးထား ပြန်သည်မှာ “ထာဝရဘုရားသည် ပညာရှိ
သော သူတို့၏ စိတ်နှလုံး၌ရှိသော အကြံအစည်တို့
ကို သိမြင်တော်မူ၏။ ထိုသူတို့၏ အကြံအစည်များ
သည် ဘာမျှအသုံးမရ၊ အချည်းနှီးသက်သက်ဖြစ်
သည်ကိုလည်း သိတော်မူ၏”။၂၁ ထို့ကြောင့် သင်
တို့သည် လူ့အကြောင်းအရာ၌ ဝါကြွားခြင်းအခွင့်
မရှိ။ ခပ်သိမ်းသောအရာတို့သည် သင်တို့ဥစ္စာဖြစ်
ကြ၏။ ၂၂ ပေါလု၊ အာပေါလု၊ ကေဖ *(ပေတရု)*၊
ဤလောက၊ အသက်ရှင်ခြင်း၊ သေခြင်း၊ မျက်
မှောက်အရာနှင့် နောက်ရောက်လာမည့်အရာ၊ ဤ
ခပ်သိမ်းသောအရာတို့သည် သင်တို့အတွက်ဖြစ်
ကြ၏။ ၂၃ သင်တို့သည် ခရစ်တော်နှင့်ဆိုင်ကြ၏။
ခရစ်တော်သည်လည်း ဘုရားသခင်နှင့် ဆိုင်တော်
မူ၏။

## ခရစ်တော်၏တမန်တော်များ

၄ ဤအရာမှာ လူတို့သည် ငါတို့အား အဘယ်
သို့ မှတ်တတ်ကြသောအကြောင်းအရာပင်ဖြစ်
၏။ ငါတို့သည် ခရစ်တော်၏ အစေကိုခံသောသူ
များဖြစ်ကြ၏။ ငါတို့မှာ ဘုရားသခင်သည် သူ၏
လျှို့ဝှက်သောသမ္မာတရားကို အပ်နှံခြင်းခံရသော
သူများဖြစ်ကြ၏။ ၂ လူတစ်ယောက်သည် တစ်စုံ
တစ်ခုအတွက် ယုံကြည်စိတ်ချနိုင်ပါက သူသည်
ထိုသမ္မာတရားနှင့် ထိုက်တန်ကြောင်းကို ပြ၏။ ၃ ငါ
သည် သင်တို့၏ တရားစီရင်ခြင်းကို အမှုမထားပါ။
ငါသည် လူတို့အားဖြင့် မည်သည့်တရားခုံရုံး၌ အပြစ်
စီရင်ခြင်းကို ခံရစေကာမူ အမှုမထားပါ။ ၄ ငါသည်
ကိုယ့်ကိုယ်ကိုလည်း တရားမစီရင်ပါ။ ငါသည် မည်
သည့် အမှားကို ပြုမိသည်ကိုလည်း မသိခဲ့။ သို့
သော်လည်း ထိုအရာတို့သည် ငါ့အား အပြစ်ကင်း
*(အပြစ်မရှိခြင်း)*စေသည်မဟုတ်။ ထာဝရဘုရား
သည် ငါ့ကို စီရင်တော်မူသောသူဖြစ်၏။ ၅ ထို့
ကြောင့် အချိန်မကျရောက်မီ တရားစီရင်ခြင်းကို
မပြုပါနှင့်။ ဘုရားသခင်ကြွလာသည့် တိုင်အောင်
စောင့်ပါ။ သူသည် မှောင်မိုက်၌ ဖုံးကွယ်ထားသော
အရာများတို့ကို အလင်းသို့ ထွန်းလင်းစေလိမ့်မည်။
သူသည် လူ တို့၏စိတ်နှလုံးထဲ၌ လျှို့ဝှက်စွာကြံ
စည်သောအရာများကိုလည်း ထင်ရှားစေလိမ့်မည်။
ထို့နောက် ဘုရားသခင်သည် လူအသီးသီးတို့အား
မိမိတို့ ခံထိုက်သော ချီးမွမ်းတော်မူခြင်းကို ပေး
တော်မူလိမ့်မည်။
၆ ညီအစ်ကိုမောင်နှမများတို့ ဤအရာများတို့
သည် သင်တို့အတွက် ပုံသက်သေဖြစ်စေရန် ငါ
သည် အာပေါလုနှင့် ငါကိုယ်တိုင် အသုံးခံတော်
မူ၏။ “ကျမ်းစာ၌ ရေးထားသောအရာကိုသာလိုက်
လျှောက်ရမည်”ဟူသော စကားလုံး၏ အဓိပ္ပာယ်
ကို သင်သည် ငါတို့ထံမှ သင်ယူနိုင်စေရန် ဤ
အရာတို့ကို ငါပြုခဲ့၏။ ထိုနောက် သင်တို့သည် တစ်
ယောက်သောသူအားဖြင့် မဝါကြွား၊ အခြားသော
သူကိုလည်း မုန်းကြလိမ့်မည်မဟုတ်။ ၇ သင်တို့
သည် အခြားသောသူများတို့ထက် သာ၍ကောင်း
သည်ဟု အဘယ်သူဆိုသနည်း။ သင်တို့၌ ရှိသမျှ
သောအရာတို့ကို သင်တို့အား ပေးတော်မူ၏။ ထို့
ကြောင့် သင်တို့၌ရှိသမျှသောအရာတို့ကို သင်တို့
အား ပေးတော်မူလျှင် ထိုအရာများကို သင်တို့၏
အစွမ်းနှင့်ရသကဲ့သို့ သင်တို့သည် အဘယ်ကြောင့်
ဝါကြွားခြင်းရှိကြပါသနည်း။
၈ သင်တို့ အလိုရှိသမျှသောအရာတို့သည် သင်
တို့၌ ရှိကြသည်ဟု သင်တို့ထင်မှတ်ကြ၏။ သင်တို့
သည် ချမ်းသာကြွယ်ဝကြသည်ဟု သင်တို့ ထင်
မှတ်ကြ၏။ သင်တို့သည် ငါတို့မပါဘဲ ရှင်ဘုရင်
များဖြစ်လာကြသည်ဟု သင်တို့ ထင်မှတ်ကြ၏။ ငါ

သည် သင်တို့အား စိုးစံစေလိုသော စိတ်ဆန္ဒရှိ၏။
သို့မှသာ ငါတို့သည်လည်း သင်တို့နှင့်အတူ စိုးစံ
ရသောအခွင့်ရှိလိမ့်မည်ဖြစ်၏။ ၉ သို့သော်လည်း
ဘုရားသခင်သည် ငါ့အား နောက်ဆုံးသောတမန်
တော်အရာ၌ ခန့်ထားတော်မူသည်ဟု ထင်မှတ်
ရ၏။ ငါတို့သည် လူတို့၏ စောင့်ကြည့်ခြင်းကို ခံရ
သော သေဒဏ်ခံရသည့် လူများကဲ့သို့ဖြစ်၏။ ငါတို့
သည်ကောင်းကင်တမန်များနှင့် လူတို့အပါအဝင်
တစ်ကမ္ဘာလုံးရှိ လောကီသားများ မျက်မှောက်၌
ထင်ရှားပြသရန် ပွဲဝင်သောသူများဖြစ်ကြ၏။ ၁၀ ငါ
တို့သည် ခရစ်တော်အတွက်ကြောင့် လူမိုက်ဖြစ်
ကြ၏။ သို့သော်လည်း သင်တို့သည် ခရစ်တော်၌
အလွန်ပညာရှိကြသည်ဟု ထင်ကြ၏။ ငါတို့သည်
အားနည်းသောသူများဖြစ်ကြ၏။ သို့သော်လည်း
သင်တို့သည် အားကြီးသောသူဖြစ်ကြသည်ဟု ကိုယ်
ကိုထင်မှတ်ကြ၏။ လူတို့သည်သင်တို့ကို ချီးမြှောက်
ကြ၏။ သို့သော်လည်း သူတို့သည် ငါတို့ကို မချီး
မြှောက်ကြ။ ၁၁ ယခုတိုင်အောင် ငါတို့၌ စားရန်၊
သောက်ရန် ဖူလုံခြင်း မရှိကြသေး။ ငါတို့၌ ဝတ်ရန်
လုံလောက်ခြင်း မရှိသေး။ ငါတို့သည် မကြာခဏ
ရိုက်ပုတ် ခြင်းကိုလည်း ခံရကြ၏။ ငါတို့၌ နေစရာ
အိမ်မရှိ။ ၁၂ ငါတို့သည် ကိုယ်လက်နှင့် ပင်ပန်းစွာ
အလုပ်လုပ်၍ ကိုယ့်ကိုယ်ကို ကျွေးမွေးရ၏။ လူတို့
သည် ငါတို့အား ကဲ့ရဲ့ခြင်း၊ ကျိန်ဆဲခြင်းတို့ကို ပြု
ကြ၏။ သို့သော်လည်း ငါတို့သည် သူတို့အတွက်
ကောင်းချီးပေး၍ မေတ္တာစကားကို ဆိုကြ၏။ လူတို့
သည် ငါတို့ကို ညှဉ်းပန်းနှိပ်စက်ကြသောအခါ
ငါတို့သည် သည်းခံကြ၏။ ၁၃ လူတို့သည် ငါတို့အား
မကောင်းသော စကားကို ဆိုကြ၏။ သို့သော်လည်း
ငါတို့သည် သူတို့အား ကောင်းသောစကားကို ပြန်
ပြောကြ၏။ ဤအချိန်အခါတွင် လူတို့သည် ငါတို့
အား ကမ္ဘာလောကကြီး၏ အမှိုက်သရိုက်၊ မြေကြီး
၏အညစ်အကြေးကဲ့သို့ သဘောထား၍ဆက်ဆံပြုမူ
ကြ၏။

၁၄ ငါသည် သင်တို့ကို ရှက်ကြောက်ခြင်းကို
ခံစားကြစေရန် ကြိုးစားနေခြင်းမဟုတ်။ သို့သော်
လည်း သင်တို့ကို ငါချစ်သော ကလေးသူငယ်
များကဲ့သို့ မှတ်၍ သင်တို့အား သတိပေးသောအား
ဖြင့် ဤအရာများတို့ကို ငါရေး၏။ ၁၅ သင်တို့တွင်
ခရစ်တော်အကြောင်းကိုသင်ပေးသောဆရာပေါင်း
တစ်သောင်းရှိကြ၏။ သို့သော်လည်း ဖခင်များစွာ
မရှိကြ။ ဝမ်းမြောက်စရာသတင်းကောင်းအားဖြင့်
ငါသည် ခရစ်တော်ယေရှု၌ သင်တို့၏ ဖခင်ဖြစ်လာ
ခဲ့၏။ ၁၆ ထို့ကြောင့် သင်တို့သည်လည်း ငါကျင့်
သည့်နည်းတူ ကျင့်ကြရန် ငါနှိုးဆော်တောင်းပန်
၏။ ၁၇ ထိုအကြောင်းကြောင့် ငါသည် သင်တို့ဆီသို့
တိမောသေကို စေလွှတ်၏။ သူသည် ဘုရားသခင်၌
ငါ၏ချစ်သားဖြစ်၏။ ငါသည် တိမောသေကို ချစ်၏။
သူသည်လည်း သစ္စာရှိ၏။ ငါသည် ခရစ်တော်ယေရှု
၌ အသက်ရှင်သောနည်းလမ်းကို သင်တို့မှတ်မိ
စေရန် သူသည် ကူညီပြသ၍ တိုက်တွန်းလိမ့်မည်။
ထိုအသက်ရှင်ခြင်းနည်းလမ်းမှာ နေရာတိုင်း၌ ရှိ
သော အသင်းတော်အားလုံးတို့၌ ငါသွန်သင်သော
အရာဖြစ်၏။

၁၈ သင်တို့တွင် အချို့သောသူတို့သည် မာန
ထောင်လွှားသောသူများဖြစ်လာကြ၏။ ငါသည်သင်
တို့ဆီသို့ တစ်ဖန်ပြန်၍ မလာဟု သင်တို့သည်
ထင်မှတ်လျက် မာနထောင်လွှားကြ၏။ ၁၉ သို့သော်
လည်း ငါသည် သင်တို့ဆီသို့ အမြန်ပြန်လာမည်။
ဘုရားသခင်သည်အလိုတော်ရှိလျှင် ငါပြန်လာမည်။
ထို့နောက် ထိုမာနထောင်လွှားသောသူတို့သည်
အဘယ်အရာပြုနိုင်သည်ကို ငါ မြင်ရလိမ့်မည်။
၂၀ သူတို့သည်အဘယ်အရာပြောနိုင်သည်ကိုသိမှတ်
မည်မဟုတ်။ ငါသည် ဤအရာတို့ကို တွေ့မြင်ရန်
အလိုရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရား
သခင်၏ နိုင်ငံတော်သည် စကား၌ တည်သည်
မဟုတ်။ တန်ခိုး၌တည်တော်မူ၏။ ၂၁ သင်တို့သည်
မည်သည့်အရာကို အလိုရှိကြပါသနည်း။

ငါသည် သင်တို့ဆီသို့ အပြစ်စီရင်ခြင်းနှင့်လာ
မည်လော။ သို့မဟုတ် ငါသည်သင်တို့ဆီသို့ မေတ္တာ
နှင့် နူးညံ့သိမ်မွေ့ခြင်းဖြင့်လာမည်လော။

## အသင်းတော်၏ကျင့်ဝတ်ဆိုင်ရာပြဿနာ

၅ သင်တို့အထဲတွင် မတရားသောမေထုန်၌ပျော်
မွေ့ခြင်းရှိသည်ကို လူတို့သည် အမှန်ပြောဆို
ကြ၏။ ထိုသို့ မတရားသောမေထုန်၌ သာမန်ပြစ်
မှားခြင်းသာမဟုတ်၊ ဘုရားသခင်ကို မသိသော
လူတို့အထဲ၌ပင် မရှိဘူးသောအရာဖြစ်၏။ လူတစ်
ယောက်သည် မိမိအဖ၏ မယားကိုပင် ပြစ်မှား
လျက်ရှိသည်ဟု လူတို့သည် ပြောဆိုကြ၏။ ၂ ယခု
တိုင်အောင် သင်တို့သည် ကိုယ်တိုင်မာနထောင်
လွှားလျက် ရှိကြသေး၏။ သင်တို့သည် ဝမ်းနည်း
ခြင်းရှိသင့် ကြပါသည်။ ထိုသို့သောအပြစ်ကို ကျူး
လွန်သောသူကို သင်တို့အထဲမှ နှင်ထုတ်ရမည်။

၃ ငါသည် သင်တို့နှင့်အတူ ထိုနေရာ၌ မရှိပါ။ သို့
သော်လည်း ငါသည် ဝိညာဉ်အားဖြင့် သင်တို့နှင့်
အတူရှိ၏။ ထိုအပြစ်ကို ကျူးလွန်သောသူအား ယခု
ပင် အပြစ်စီရင်ပြီးဖြစ်၏။ ငါသည် ထိုနေရာ၌ ရှိသ
ကဲ့သို့ ထိုသူအား တရားစီရင်ပြီ။ ၄ ငါတို့ သခင်
ယေရှု၏နာမ၌ အတူတကွ စုရုံး၍လာကြပါ။ ငါသည်
ဝိညာဉ်အားဖြင့် သင်တို့နှင့်အတူရှိလိမ့်မည်။ သင်
တို့သည် ငါတို့ သခင်ယေရှု၏ တန်ခိုးကို ခံရလိမ့်
မည်။ ၅ ထို့နောက် ထိုလူအား စာတန် *(မာရ်နတ်)*၏
လက်သို့အပ်နှံကြပါ။ ထို့ကြောင့် ထိုသူ၏ကိုယ်ခန္ဓာ
သည် ပျက်စီးခြင်းသို့ရောက် လိမ့်မည်။ ထို့နောက်
ထိုသူ၏ဝိညာဉ်သည် ဘုရားသခင်၏ နေ့ရက်၌
ကယ်တင်ခြင်းသို့ ရောက်မည်။

၆ သင်တို့၏ ဝါကြွားခြင်း၊ မာနထောင်လွှားခြင်း
သည် မကောင်းမသင့်ဖြစ်၏။ "အနည်းငယ်သော
တဆေးသည် မုန့်စိမ်းတစ်ပုံလုံးကို ဖောင်းကြွစေ
တတ်သည်"ဟူသော ဆိုရိုးစကားကို သင်တို့သည်
သိကြပါ၏။ ၇ ဟောင်းသော တဆေး *(အပြစ်တရား)*ကို
ထုတ်ပစ်၍သုတ်သင်ပယ်ရှင်းကြပါ။ သို့မှသာ သင်
တို့သည် အသစ်သောမုန့်စိမ်းဖြစ်ကြပါလိမ့်မည်။
သင်တို့သည် ပသခါပွဲအတွက် တဆေးမပါသော
မုန့်အမှန်ဖြစ်ကြ၏။ မှန်ပါသည်။ ငါတို့၏ ပသခါ
သိုးသငယ်ဖြစ်တော်မူသော ခရစ်တော်သည် ယဇ်
ပူဇော်ရာဖို့ အသေခံတော်မူပြီးဖြစ်၏။ ၈ ထို့ကြောင့်
ဟောင်းသောတဆေးပါသည့် မုန့်မဟုတ်သော ငါ
တို့၏ပသခါပွဲကို ခံကြပါစို့။ ထိုဟောင်းသောတဆေး
သည် ဆိုးညစ်မိုက်မဲခြင်း၊ မှားယွင်းသောအပြစ်ဖြစ်
၏။ သို့သော်လည်း တဆေးမပါသောမုန့်ကို ငါတို့
စားကြပါစို့။ ထိုမုန့်သည် ကောင်းမြတ်ခြင်း၊ သစ္စာ
စောင့်ခြင်း၊ သမ္မာတရားမုန့်ဖြစ်၏။

၉ သင်တို့သည် မတရားသောမေထုန်၌မှိုဝဲသော
သူတို့နှင့် မပေါင်းဖော်မည့်အကြောင်းကို ငါ၏သြ
ဝါဒစာ၌ ရေးထားခဲ့ပြီးဖြစ်၏။ ၁၀ သို့သော်လည်း
သင်တို့သည် အပြစ်ရှိသော ဤလောကီသားတို့နှင့်
မပေါင်းဖော်ရဟု ငါမဆိုလို။ ထိုလောကီသားတို့
သည် မတရားသောမေထုန်၌မှိုဝဲခြင်း၊ သို့မဟုတ်
သူတို့သည် လောဘလွန်ကျူးခြင်း၊ အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် အနိုင်အထက်ပြုခြင်း
သို့မဟုတ် သူတို့သည် ရုပ်တုများ *(မှားယွင်းသော
ဘုရားများ)*ကို ကိုးကွယ်ခြင်းအမှုတို့ကိုပြုကြပါမည်။
ထိုသူတို့မှ ကင်းကွာရမည်ဆိုလျှင် သင်တို့သည်
ဤလောကကို စွန့်၍ ထွက်သွားရကြမည်။ ၁၁ ငါ
သည် သင်တို့အား စာရေး၍ ဆိုသည်မှာ မည်သူ
မဆို မိမိကိုယ်မိမိခရစ်တော်၌ ညီအစ်ကိုဖြစ်သည်
ဟုဆို၍ မတရားသောမေထုန်၌မှိုဝဲသောသူ၊ အတ္တ
လောဘ လွန်ကျူးသောသူ၊ ရုပ်တုများကို ကိုးကွယ်
သောသူ၊ ဆိုးသောစကားကိုပြောဆိုသောသူ၊ အရက်
သေစာသောက်ကြူး၍ မူးယစ်သောသူ၊ လိမ်ညာ
လှည့်ဖြားသောသူတို့ကို သင်တို့သည် အပေါင်း
အဖော်မလုပ်ရဟု ငါဆိုလို၏။

၁၂-၁၃ အသင်းတော် *(ယုံကြည်သူလူစု)*အဝင်
မဟုတ်သော လူတို့အား အပြစ်စီရင်ခြင်းသည် ငါ၏
အလုပ်မဟုတ်ပါ။ ဘုရားသခင်သည် ထိုသူတို့ကို
တရားစီရင်တော်မူလိမ့်မည်။ သို့သော်လည်း သင်
တို့သည် အသင်းတော်အဝင်ဖြစ်သော သူတို့အား
စီရင်ခြင်းအမှုကို ပြုရပါမည်။ "အပြစ်ရှိ၍ ဆိုးညစ်
သောသူကိုသင်တို့အထဲမှ နှင်ထုတ်ကြ"ဟူ၍ ကျမ်း
စာ၌ ရေးထား၏။

## ခရစ်ယာန်များထဲ၌ စီရင်ခြင်းပြဿနာများ

၆ သင်တို့တွင် တစ်ယောက်သောသူသည်အခြား
သောသူနှင့်ဆန့်ကျင်၍ အမှုတစ်စုံတစ်ရာရှိ
သောအခါ သင်တို့သည် အဘယ်ကြောင့် တရား
ရုံး၌ရှိသော တရားသူကြီးများထံသို့ သွားကြပါသ
နည်း။ ထိုသူတို့သည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်
တော်မူခြင်း မရှိကြ။ ထို့ကြောင့် မည်သူသည်
ဖြောင့်မတ်သည်၊ မှန်သည်ဟူ၍ ထိုသူတို့အား
အဘယ်ကြောင့် စီရင်ဆုံးဖြတ်ခြင်းအခွင့်ကို ပေးကြ
ပါသနည်း။သင်တို့သည် ရှက်ကြောက်ခြင်း ရှိရပါ
မည်။ မည်သူသည် ဖြောင့်မတ်သည် မှန်သည်ဟူ
၍ သင်တို့သည် ဘုရားသခင်အား အဘယ်ကြောင့်
စစ်ကြောစီရင်ဆုံးဖြတ်ခြင်းအခွင့်ကို မပေးကြပါသ
နည်း။ ၂ ဘုရားသခင်၏ လူတို့သည် လောကီနိုင်ငံ
ကို တရားစီရင်လိမ့်မည်အကြောင်းကိုသင်တို့သည်
အမှန်သိကြပါ၏။ ထို့ကြောင့် သင်တို့သည် လောကီ
နိုင်ငံများကို တရားစီရင်လိမ့်မည်ဖြစ်၍ သင်တို့
သည် ဤကဲ့သို့သေးငယ်သောအမှုများတို့ကိုလည်း
အမှန်စီရင်ရန် တတ်နိုင်ကြပါ၏။ ၃ အနာဂတ် ကာလ
တွင် ငါတို့သည် ကောင်းကင်တမန်တို့ကို တရား
စီရင်လိမ့်မည်ကို သင်တို့ သိကြပါ၏။ ထို့ကြောင့်
ငါတို့သည် ဤဘဝ၌ လောကီအမှုများကို အမှန်
စီရင်နိုင်ကြပါ၏။ ၄ ထို့ကြောင့် သင်တို့၌ သဘော
မတူ၊ ငြင်းခုံစရာများအတွက် တရားစီရင်ရပါမည်။
သင်တို့သည် အဘယ်ကြောင့် အသင်းတော်အဝင်

မဟုတ်သောသူတို့ထံသို့ ထိုအမှုများကို ယူသွား
ကြပါသနည်း။ ၅ ထိုသူတို့သည် အသင်းတော်အား
မည်သို့မျှအကျိုးမပြုပါ။ ငါသည် သင်တို့ ရှက်
ကြောက်စရာဖြစ်ဖို့ရန် ဤအကြောင်းကို ပြော၏။
ငြင်းခုံခြင်းအမှုရှိသောညီအစ်ကို *(ယုံကြည်သူများ)*
နှစ်ယောက်တို့ ကြားတွင် အမှုများကို ပညာသတိ
ရှိစွာ စီရင်ဆုံးဖြတ်နိုင်သောသူသည် သင်တို့အထဲ
၌ အမှန်ရှိပါ၏။ ၆ သို့သော်လည်း ယခုတွင် ညီအစ်
ကိုတစ်ယောက်သည် အခြားသော ညီအစ်ကိုတစ်
ယောက်အား ဆန့်ကျင်၍ အမှုဖွင့်ရန် တရားရုံးသို့
သွား၏။ သူတို့၏အမှုကိစ္စများကို တရားစီရင်ရန်
သင်တို့သည် မယုံကြည်သောသူတို့အား အခွင့်
ပေးကြ၏။

၇ သင်တို့သည် အချင်းချင်းတစ်ယောက်ကို
တစ်ယောက်ဆန့်ကျင်၍ အငြင်းပွားမှုကြောင့် သင်
တို့ အရေးနိမ့်ပြီးဖြစ်ကြောင်းကို ထင်ရှားစေ၏။
တစ်စုံတစ်ယောက်သောသူအား သင်တို့ကို လိမ်
ညာလှည့်ဖြားစေလျှင်သင်တို့အတွက်သာ၍ကောင်း
ပေမည်။ ၈ သို့သော်လည်း သင်တို့ကိုယ်တိုင်သည်
မှားယွင်းသောအမှုကိုပြု၍ လိမ်ညာလှည့်ဖြားကြ၏။
ထိုသို့ဖြင့် သင်တို့သည် ခရစ်တော်၌ သင်တို့၏ ညီ
ရင်းအစ်ကိုများအပေါ်၌ ပြုတတ်ကြ၏။

၉-၁၀ ထိုသို့ မှားယွင်းသောအမှုကိုပြုသော သူတို့
သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေခံရကြ
လိမ့်မည်မဟုတ်ကြောင်းကို သင်တို့သည် အမှန်
သိကြ၏။ အသိဉာဏ်ကင်းမဲ့စွာ မိုက်မဲခြင်းမရှိကြ
နှင့်။ မတရားသောမေထုန်၌ မှီဝဲသောသူ၊ ရုပ်တု
များကို ကိုးကွယ်သောသူ၊ သူ့မယားကို ပြစ်မှား
သောသူ၊ ယောကျ်ားချင်းမေထုန်ကိုပြုသောသူ၊ ထို
အမှုကို ခံသောသူ၊ သူတစ်ပါးဥစ္စာကို ခိုးသောသူ၊
အတ္တလောဘလွန်ကျူးသောသူ၊ အရက်သေစာနှင့်
ယစ်မူးသောသူ၊ အခြားသောသူတို့အား ဆဲဆို၍
ကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူ၍လိမ်ညာလှည့်
ဖြားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို
အမွေခံရကြလိမ့်မည် မဟုတ်။ ၁၁ လွန်ခဲ့ပြီးသော
အချိန်တွင် သင်တို့တွင် အချို့သောသူတို့ သည်
ထိုကဲ့သို့ဖြစ်ကြ၏။ သို့သော်လည်း ငါတို့ ဘုရား
သခင်၏ဝိညာဉ်တော်အားဖြင့် သခင်ယေရှုခရစ်
တော်၏နာမ၌ သင်တို့ကို ဘုရားသခင်ရှေ့တော်
တွင် ဖြောင့်မတ်တော်မူခြင်းအခွင့်ကို ရရှိစေ၍
သင်တို့သည် ဆေးကြောစင်ကြယ်စေခြင်း၊ သန့်ရှင်း
ခြင်းသို့ ရောက်ကြ၏။

## သင်တို့၏ကိုယ်ခန္ဓာများကို ဘုရားသခင်၏ ဘုန်းထင်ရှားစေရန် အသုံးပြုကြ

၁၂ "ခပ်သိမ်းသောအမှုအရာတို့ကို ပြုရန် ငါ၌
အခွင့်ရှိ၏"။ သို့သော်လည်း ခပ်သိမ်းသောအရာ
တို့သည် ကောင်းကြသည်မဟုတ်။ "ခပ်သိမ်းသော
အမှုအရာတို့ကိုပြုရန် ငါ၌ အခွင့်ရှိ၏"။ သို့သော်
လည်း ငါသည် မည်သည့်အရာကိုမျှ ငါ၏သခင်
ဖြစ်စေရန် ခွင့်ပြုလိမ့်မည် မဟုတ်။ ၁၃ "အစားအ
သောက်တို့သည် ဝမ်းအတွက်ဖြစ်၏။ ဝမ်းသည်
လည်း အစားအသောက်အဖို့ဖြစ်၏"။ မှန်ပါသည်။
သို့သော်လည်း ဘုရားသခင်သည် ထိုနှစ်ပါးစလုံး
ကို ဖျက်ဆီးတော်မူလိမ့်မည်။ ကိုယ်ခန္ဓာသည်
မတရားသောမေထုန်၌ မှီဝဲဖို့ရန်မဟုတ်။ ကိုယ်ခန္ဓာ
သည် သခင်ဘုရားအဖို့ ဖြစ်၏။ သခင်ဘုရားသည်
လည်း ကိုယ်ခန္ဓာအဖို့ဖြစ်တော်မူ၏။ ၁၄ ဘုရားသခင်
မိမိ၏တန်ခိုးတော်အားဖြင့် သခင်ယေရှုကို သေ
ခြင်းမှ ထမြောက်စေတော်မူ၏။ ဘုရားသခင်သည်
ငါတို့ကိုလည်း သေခြင်းမှ ထမြောက်စေတော်မူ
လိမ့်မည်။ ၁၅ သင်တို့၏ကိုယ်ခန္ဓာများကို ခရစ်
တော်ကိုယ်တော်တိုင်ပိုင်တော်မူ၍ ခရစ်တော်၏
အင်္ဂါပင်ဖြစ်တော်မူသည်ကို သင်တို့သည် အသေ
အချာသိကြပါ၏။ ထို့ကြောင့် ငါသည် ခရစ်တော်
ပိုင်သောအင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏ အင်္ဂါဖြစ်စေ
ရန် ဘယ်သောအခါမှမပြု။ ၁၆ ကျမ်းစာ၌ ဤသို့ ရေး
ထား၏။ "လူနှစ်ဦးတို့သည် တစ်သားတစ်ကိုယ်တည်း
ဖြစ်လာကြ၏"။ ထို့ကြောင့် ပြည့်တန်ဆာနှင့် ပေါင်း
ဖော်သောသူတစ်ယောက်သည် သူ၏ကိုယ်ခန္ဓာ
နှင့် တစ်သားတစ်ကိုယ်တည်းဖြစ်လာသည်ကို သင်
တို့ သိရကြမည်။ ၁၇ သို့သော်လည်း သခင်ဘုရား၌
မိမိကိုယ်ကို မှီဝဲသောသူသည် ထိုသခင်နှင့် တစ်
စိတ်တစ်ဝိညာဉ်တည်းဖြစ်၏။

၁၈ ထို့ကြောင့် မတရားသောမေထုန်မှီဝဲခြင်း
အပြစ်မှ ပြေးထွက်၍ ရှောင်ကြဉ်ကြပါ။ လူတစ်
ယောက်ကျူးလွန်သောအခြားအပြစ် ဒုစရိုက်တို့သည်
ထိုသူ၏ကိုယ်ခန္ဓာအပြင်၌ ရှိ၏။ သို့သော်လည်း ထို
သူသည် မတရားသော မေထုန်ကိုပြုလျှင် မိမိကိုယ်
ကို ဆန့်ကျင်၍ ပြစ်မှားသောသူဖြစ်၏။ ၁၉ သင်တို့
၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်း
ဝပ်ရာ ဗိမာန်တော် *(အိမ်)*ဖြစ်သည်ကို သင်တို့ သိ
ရကြမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင်
တို့၏အထဲ၌ ရှိတော်မူ၏။ သင်တို့သည် သန့်ရှင်း
သောဝိညာဉ်တော်ကို ဘုရားသခင်ထံတော်မှ ခံရ

ကြပြီးဖြစ်၏။ သင်တို့ကိုယ်သင်တို့ မပိုင်ကြ။ ၂၀ဘု
ရားသခင်သည် သင်တို့ကို အဖိုးအခပေး၍ ဝယ်
တော်မူ၏။ ထို့ကြောင့် သင်တို့၏ ကိုယ်ခန္ဓာအားဖြင့်
ဘုရားသခင်၏ ဂုဏ်အသရေတော်ကို ထင်ရှားစေ
ကြပါ။

## အိမ်ထောင်ပြုခြင်းအကြောင်း

၇ ယခုတွင် သင်တို့သည် ငါထံသို့ ပေးလိုက်
သောစာ၌ပါသည့် အကြောင်းအရာတို့ကို ငါ
ဆွေးနွေးမည်။ ယောကျ်ားတစ်ယောက်သည် အိမ်
ထောင်မပြုဘဲနေသော် သာ၍ကောင်း၏။ ၂ သို့သော်
လည်း မတရားသောမေထုန်အပြစ်သည် အန္တရာယ်
ရှိ၏။ ထို့ကြောင့် ယောကျ်ားတိုင်းသည် မိမိမယား
ရှိစေရမည်။ မိန်းမတိုင်းတို့သည်လည်း လင်ယောကျ်ား
ရှိစေရမည်။ ၃ လင်ယောကျ်ားသည် မိမိမယားအား
ဆက်ဆံခြင်း ဝတ်ရှိသမျှကို ဆက်ဆံရမည်။ ထို
နည်းတူ မိန်းမသည်လည်း မိမိလင်ယောကျ်ားအား
ဆက်ဆံခြင်းဝတ်ရှိသမျှကို ပေးရပါမည်။ ၄ မိန်းမ
သည် မိမိကိုယ်ခန္ဓာပေါ်၌ ပိုင်ဆိုင်သောအခွင့်
အာဏာ မရှိ။ သူမ၏လင်ယောကျ်ားသည် သူမ၏
ကိုယ်ခန္ဓာပေါ်၌ ပိုင်ဆိုင်သောအခွင့်အာဏာရှိ၏။
လင်ယောကျ်ားသည်လည်း မိမိကိုယ်ခန္ဓာပေါ်၌
ပိုင်ဆိုင်သောအခွင့်အာဏာမရှိ။ သူ၏မယားသည်
သူ၏ကိုယ်ခန္ဓာကို ပိုင်ဆိုင်သောအခွင့်အာဏာရှိ
၏။ ၅ သင်တို့၏ ကိုယ်ခန္ဓာကို အချင်းချင်း တစ်
ယောက်ကို တစ်ယောက် အပ်ပေးရန် မငြင်းပယ်
ကြပါနှင့်။ သို့သော်လည်း သင်တို့နှစ်ဦးစလုံးတို့
သည် သဘောတူညီလျက် ဆက်ဆံခြင်းဝတ်မှ
ရှောင်ပယ်ရန် အချိန်ပေးရပါမည်။ သင်တို့သည်
ထိုသို့ပြုမှသာ သင်တို့သည် ဆုတောင်းခြင်းဝတ်ကို
ပြုရန် အချိန်ပေးနိုင်မည်ဖြစ်သည်။ ထို့နောက်တစ်
ဖန် အတူတကွ ပြန်၍ဆုံတွေ့ကြပါ။ ဤသို့သော
နည်းအားဖြင့် စာတန် *(မာရ်နတ်)*သည် သင်တို့၏
အားနည်းချက်အပေါ်၌ အပြစ်သွေးဆောင်ခြင်းကို
မပြုနိုင်။ ၆ သင်တို့တွင် သီးခြားစီခွဲနေရသောအချိန်
ရှိစေရန် အခွင့်ကို ပေးခြင်းအားဖြင့် ငါသည် ဤသို့
ဆိုခြင်းဖြစ်၏။ ထိုအရာသည် ပညတ်ထားခြင်း မ
ဟုတ်ပါ။ ၇ လူအားလုံးတို့သည် ငါကဲ့သို့ဖြစ်စေရန်
ငါအလိုဆန္ဒရှိ၏။ သို့သော်လည်း တစ်ယောက်စီ
တိုင်းတို့သည် ဘုရားသခင်ထံမှလာသော ဆုကျေး
ဇူးကိုယ်စီရှိကြ၏။ လူတစ်ယောက်၌ ဆုကျေးဇူး
တစ်မျိုးရှိ၏။ အခြားသောသူတစ်ယောက်၌လည်း
အခြားသော ဆုကျေးဇူးတစ်မျိုးရှိ၏။
၈ ယခုတွင် အိမ်ထောင်မပြုသောသူတို့နှင့် မု
ဆိုးမတို့အတွက် ငါသည်ဤစကားကို ဆို၏။ သူတို့
သည် ငါကဲ့သို့ တစ်ယောက်တည်းနေလျှင် သူတို့
အတွက်ကောင်း၏။ ၉ သို့သော်လည်း သူတို့သည်
မိမိတို့၏ခန္ဓာကို မချုပ်တည်းနိုင်လျှင် သူတို့သည်
အိမ်ထောင်ပြုရပါမည်။ ကိလေသာစိတ်ပူပန်ခြင်း
ထက် ထိမ်းမြားစုံဖက်ခြင်းပြုသော် သာ၍ကောင်း၏။
၁၀ ယခုတွင် ဤအရာများတို့ကို အိမ်ထောင်
ပြုသော လူတို့အတွက် ငါဆို၏။ ပညတ်တော်မူ
ချက်သည် ငါ့ထံမှမဟုတ်။ ထိုပညတ်ချက်သည်
ဘုရားသခင်ထံမှလာ၏။ မယားသည် သူမ၏ လင်
ယောကျ်ားကို မစွန့်ပစ်ရ။ ၁၁ သို့ရာတွင် မယားသည်
သူမ၏ လင်ယောကျ်ားကို စွန့်ပစ်ပါက သူမသည်
တစ်ဖန် ထိမ်းမြားစုံဖက်ခြင်းမပြုရ။ သို့မဟုတ်ပါ
က သူမသည် ပြန်သွား၍ သူမ၏လင်ယောကျ်ား
နှင့် အတူတကွ တစ်ဖန် ပေါင်းဖော်ရပါမည်။ ထို
နည်းတူ လင်ယောကျ်ားသည်လည်း သူ၏မယား
မိန်းမကို မကွာရ။ အခြားသောသူအားလုံးတို့အတွက်
ဤအရာကို ငါဆို၏။
၁၂ *(ငါသည် ဤအရာတို့ကို ပြောဆို၏။ သခင်
ဘုရားမိန့်တော်မူသည်မဟုတ်)* ခရစ်တော်၌ညီအစ်
ကိုတစ်ယောက်သည် ယုံကြည်သူမဟုတ်သော
မယားရှိ၏။ သူမသည် သူနှင့်အတူ နေလိုလျှင် သူ
သည် သူမကို မကွာစေနှင့်။ ၁၃ မိန်းမတစ်ယောက်
သည် ယုံကြည်သူမဟုတ်သော လင်ယောကျ်ားရှိ၏။
သူသည် သူမနှင့်အတူနေလိုလျှင် သူမသည်လည်း
သူ့ကို မကွာစေနှင့်။ ၁၄ ယုံကြည်သူ မဟုတ်သော
လင်ယောကျ်ားသည် ယုံကြည်သူဖြစ်သော သူ၏
မယားအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းရှိ၏။ ထိုနည်း
တူ ယုံကြည်သူမဟုတ်သော မယားသည်လည်း
ယုံကြည်သူဖြစ်သော သူမ၏လင်ယောကျ်ားအားဖြင့်
သန့်ရှင်းစင်ကြယ်ခြင်းရှိ၏။ ဤအရာတို့သည် မမှန်
ပါက သင်တို့၏ သားသမီးတို့သည် သန့်ရှင်းစင်
ကြယ်ခြင်းမရှိ။ သို့သော်လည်း ယခုတွင် သင်တို့၏
သားသမီးတို့သည် သန့်ရှင်းစင်ကြယ်ခြင်းရှိကြ၏။
၁၅ သို့သော်လည်း ယုံကြည်သူ မဟုတ်သောသူ
တစ်ယောက်သည် စွန့်ခွာရန် ဆုံးဖြတ်ပါက ထို
သူအား စွန့်ခွာခွင့်ကို ပေးရမည်။ ဤသို့ဖြစ်ပျက်
လာသောအခါ ခရစ်တော်၌ ညီအစ်ကို သို့မဟုတ်
မောင်နှမတို့သည် ချည်နှောင်ခြင်းမရှိ။ လွတ်မြောက်
၏။ ငါတို့သည် ငြိမ်သက်ခြင်းအသက်တာ၌ ရှိနေ

ကြရန် ဘုရားသခင်သည် ငါတို့ကို ခေါ်တော်မူ၏။
၁၆နောက်နောင်တွင် မယားတို့သည် လင်ယောကျ်ား
ကိုလည်းကောင်း၊ လင်ယောကျ်ားတို့သည် မယား
ကိုလည်းကောင်း ကယ်တင်မည်မကယ်တင်မည်
ကို သင်တို့ မသိနိုင်ကြ။

**ဘုရားသခင်သည်သင်တို့ကိုခေါ်တော်မူသကဲ့သို့ အသက်ရှင်ကြပါ**

၁၇ သို့သော်လည်း ဘုရားသခင်သည် သင်တို့
ကိုခေါ်တော်မူသောနည်းလမ်း၊ ဘုရားသခင်သည်
ထိုသူအား သက်ရှင်နေထိုင်ရန် ပေးတော်မူသော
နည်းလမ်းအတိုင်း လူတိုင်းတို့သည် ဆက်လက်၍
အသက်ရှင်နေထိုင်ကြရပါမည်။ ၁၈ ဤအရာသည်
အသင်းတော်အားလုံးတို့၌ ငါပြုသောပညတ်ဖြစ်၏။
လူတစ်ယောက်သည် သူ့ကို ခေါ်တော်မူသော
အချိန်တွင် အရေဖျားလှီးခြင်းကို ခံပြီးသောသူဖြစ်
ပါသလား။ သူသည် ထိုအရေဖျားလှီးခြင်းအမှုကို
ပြောင်းလဲရန် မလိုပါ။ လူတစ်ယောက်သည် သူ့အား
ခေါ်တော်မူခြင်းကို ခံသောအချိန်တွင် သူသည်
အရေဖျားလှီးခြင်းကို မခံရသေးသောသူဖြစ်ပါက
သင်သည် အရေဖျားလှီးခြင်းကို ခံဖို့ရန် မလိုပါ။
၁၉လူတစ်ယောက်သည် အရေဖျားလှီးခြင်းကို ခံ
သည် သို့မဟုတ် အရေဖျားလှီးခြင်းကို မခံဟူသော
အချက်သည် အရေးကြီးသောအရာ မဟုတ်ပါ။
အရေးကြီးသောအရာမှာ ဘုရားသခင်၏ ပညတ်
တော်တရားကို နားထောင်ဖို့ရန်ဖြစ်၏။ ၂၀ လူအသီး
သီးတို့သည်သူတို့အားဘုရားသခင်ခေါ်သောအချိန်
၌ရှိသည့် အခြေအနေအတိုင်း ရှိနေသင့်ပါသည်။
၂၁ဘုရားသခင်သည် သင့်အား ခေါ်တော်မူသော
အချိန်၌ သင်သည် အစေခံကျွန်တစ်ယောက်ဖြစ်
ပါက ထိုအရာအတွက် စိတ်ရှုပ်မခံပါနှင့်။ သို့သော်
လည်း သင်သည် လွတ်မြောက်လာနိုင်လျှင် လွတ်
မြောက်စေ။ ၂၂သခင်ဘုရားသည် သူ့အားခေါ်တော်
မူသောအချိန်၌ အစေခံကျွန်ဖြစ်နေသောသူသည်
သခင်ဘုရား၌ လွတ် မြောက်သောသူဖြစ်၏။ ထိုသူ
ကို သခင်ဘုရားပိုင်တော်မူ၏။ ထိုနည်းတူ လူ
တစ်ယောက်သည် ခေါ်တော်မူခြင်းကို ခံရသော
အချိန်၌ လွတ်လပ်သောသူသည် ခရစ်တော်၏
အစေခံကျွန်ဖြစ်လာ၏။ ၂၃သင်တို့သည် အဖိုးအခ
ပေး၍ ဝယ်ရသောသူများဖြစ်ကြ၏။ ထို့ကြောင့်
သင်တို့သည် လူတို့အား အစေကိုခံသောကျွန် မ
ဖြစ်ကြနှင့်။ ၂၄ ညီအစ်ကိုမောင်နှမများတို့ သင်တို့
အားဘုရားသခင်ခေါ်တော်မူသည့်အတိုင်း အသစ်
သောအသက်တာ၌ ဆက်လက်၍ အသက်ရှင်နေ
ကြရမည်။

**ထိမ်းမြားစုံဖက်ခြင်းနှင့်သက်ဆိုင်သောမေးခွန်းများ**

၂၅ ယခုတွင် ထိမ်းမြားစုံဖက်ခြင်းမပြုသောသူ
များအတွက် ငါစာရေးလိုက်၏။ ဤအကြောင်း
နှင့်စပ်ဆိုင်၍ သခင်ဘုရားထံတော်မှ မည်သည့်
ပညတ်တော်မူချက်ကိုမျှ ငါမခံရ၊ သို့သော်လည်း
ငါ၏ထင်မြင်ယူဆချက်တို့ကို ငါပေး၏။ ငါသည်
သစ္စာရှိ၍ ယုံကြည်စိတ်ချထိုက်သောသူဖြစ်၏။
အဘယ်ကြောင့်ဆိုသော် သခင်ဘုရားသည် ငါ့အား
ကျေးဇူးတော်ကို ပေးတော်မူ၏။ ၂၆ ဤအချိန်သည်
စိတ်ပူပန်ရသောအချိန်ဖြစ်၏။ ထို့ကြောင့် သင်တို့
သည် ရှိသည့်အတိုင်း *(ထိမ်းမြားစုံဖက်ခြင်းမရှိ)*နေ
လျှင် ဤအရာသည် သင်တို့အတွက် ကောင်းသော
အရာဖြစ်မည်ဟု ငါထင်မှတ်၏။ ၂၇ သင်တို့သည်
မယားရှိလျှင် သူမထံမှ လွတ်မြောက်လာရန် မကြိုး
စားပါနှင့်။ သင်တို့သည် ထိမ်း မြားစုံဖက်ခြင်းမရှိ
လျှင် မယားကိုတွေ့ခြင်းငှာ ကြိုး စား၍ မရှာပါနှင့်။
၂၈ သို့သော်လည်း သင်တို့သည် ထိမ်းမြားစုံဖက်ရန်
ဆုံးဖြတ်လျှင် ထိုအရာသည် အပြစ်မဟုတ်။ တစ်ကြိမ်
တစ်ခါမှ ထိမ်းမြားစုံဖက်ခြင်းမရှိဘူးသော မိန်း
ကလေးတစ်ယောက် အတွက် ထိမ်းမြားစုံဖက်ခြင်း
သည် အပြစ်မဟုတ်ပါ။ သို့သော်လည်း ထိမ်းမြား
စုံဖက်သောသူတို့သည် ဤဘဝအသက်တာ၌ စိုး
ရိမ်ပူပန်ခြင်းရှိကြပါလိမ့်မည်။
၂၉ညီအစ်ကိုမောင်နှမများတို့ ငါဆိုလိုသောအ
ရာသည် ဤအရာဖြစ်၏။ ငါတို့၌ အချိန်များစွာမရှိ။
ထို့ကြောင့် ယခုပင် အစပြုကြပါ။ မယားရှိသောသူ
တို့သည် မယားမရှိသောသူတို့ကဲ့သို့ သူတို့၏အချိန်
များကို သခင်ဘုရားအား အစေခံရန် အသုံးပြုကြ
ပါ။ ၃၀ ဝမ်းနည်းငိုကြွေးသောသူတို့သည်လည်း ဝမ်း
နည်းငိုကြွေးခြင်းမရှိသောသူတို့ကဲ့သို့ ဝမ်းနည်းငို
ကြွေးခြင်းမရှိကြပါနှင့်။ ဝမ်းမြောက်ပျော်ရွှင်သော
သူတို့သည်လည်းဝမ်းမြောက်ပျော်ရွှင်ခြင်း မရှိသော
သူတို့ကဲ့သို့ နေကြပါ။ ၃၁ ဥစ္စာဝယ်သောသူသည်
ဘာမျှအလျှင်းမရှိသောသူကဲ့သို့ နေကြပါ။ ဤ
လောကအရာများကို သုံးသောသူသည် ထိုအရာ
များတို့သည် မိမိတို့အတွက် အရေးမကြီးသကဲ့သို့
အသက်ရှင်နေကြပါ။ သင်တို့သည် ထိုကဲ့သို့သော
အားဖြင့် အသက်ရှင်နေကြရမည်။ အဘယ်ကြောင့်
ဆိုသော် ဤလောက၏ အဆင်းသဏ္ဌာန်သည်
မကြာမမြင့်မီ ရွေ့သွားပျောက်ကွယ်သွားလိမ့်မည်။

၃၂ ငါသည် သင်တို့အား စိုးရိမ်ပူပန်ခြင်းမှ လွတ်
မြောက်စေရန် အလိုရှိ၏။ ထိမ်းမြားစုံဖက်ခြင်းမရှိ
သောသူသည် သခင်ဘုရား၏ အမှုတော်၌သာ
အလုပ်များ၍ သတိထားတတ်၏။ သူသည် သခင်
ဘုရား၏စိတ်နှလုံးတော်နှင့် တွေ့ထိရန်ကြိုးစားလျက်
နေ၏။ ၃၃ သို့သော်လည်း ထိမ်းမြားစုံဖက်သောသူ
သည် လောကအရာများတို့၌သာ အလုပ်များနေ၍
စိတ်ရောက်တတ်၏။ ၃၄ သူသည် သူ၏မယား၏
စိတ်နှင့်တွေ့စေရန်သာကြိုးစားလျက်နေ၏။ သူသည်
သူ၏ မယားအား စိတ်ကျေနပ်စေမည်လား။ သခင်
ဘုရား၏စိတ်နှလုံးတော်ကို တွေ့မည်လားဟူသော
အရာနှစ်ခုကို စဉ်းစားလျက်နေရမည်ဖြစ်၏။ ထိမ်း
မြားစုံဖက်ခြင်းမရှိသော မိန်းမတစ်ဦး သို့မဟုတ်
တစ်ကြိမ်တစ်ခါမျှ ထိမ်းမြားလက်ထပ်ခြင်းမရှိသေး
သောမိန်းကလေးတစ်ယောက်တို့သည်သခင်ဘုရား
၏အမှုတော်၌သာ စိတ်ရှိ၍ အလုပ်များတတ်၏။
သူမသည် ကိုယ်ခန္ဓာစိတ်ဝိညာဉ်တစ်ခုလုံးကို အ
ပြည့်အဝ သခင်ဘုရားအား ဆက်ကပ်အပ်နှံတတ်
၏။ သို့သော်လည်း ထိမ်းမြားလက်ထပ်သော မိန်းမ
တစ်ဦးသည် လောကအရာများ၌ စိတ်ရှိ၍ အလုပ်
များတတ်၏။ သူမသည် သူမ၏ လင်ယောက်ျား၏
စိတ်ကျေနပ်မှုရှိစေရန်သာ ကြိုးစားလျက်နေ၏။
၃၅ ငါသည် သင်တို့အား အကျိုးရှိ၍ တူညီစေရန်
ဤအရာတို့ကို ပြော၏။ ငါသည် သင်တို့ကို အကန့်
အသတ်ထားရန် မကြိုးစားပါ။ သို့သော်လည်း ငါ
သည် သင်တို့အား ဖြောင့်မတ်သောတရားလမ်း၌
အသက်ရှင်ကြ ရန် အလိုရှိ၏။ သင်တို့၏အချိန်များ
ကို အခြား သောအရာများ၌ ပေးအပ်ခြင်း၊ သုံးဖြုန်း
ခြင်း မရှိစေဘဲ သင်တို့၏အချိန်များကို အပြည့်အဝ
သခင်ဘုရားအတွက် သင်တို့ကိုယ်သင်တို့ ပေး
ဆပ်အပ်နှံကြရန် အလိုရှိ၏။
၃၆ လူတစ်ယောက်သည် သူ၏သမီးအပျိုကညာ
အား ထိမ်းမြားပေးရန် အကောင်းဆုံး သောအသက်
အရွယ်လွန်လုနီးသည့်တိုင်အောင် ဤအတိုင်းရှိစေ
ပါက သူအနေနှင့် သူမအပေါ် မှန်ကန်သောအရာ
ကို မပြုဟု ထင်မှတ်နိုင်သည်။ ထို့ကြောင့် ထိမ်းမြား
လက်ထပ်ခြင်းသည် လိုအပ်သောအရာဖြစ်သည်
ကို သူသည် ဆင်ခြင်နိုင်၏။ သူသည် မိမိလိုချင်
သောအရာကို မပြုသင့်။ သူသည် သူတို့အား ထိမ်း
မြားလက်ထပ်ခွင့်ပေးရမည်။ ထိုအချိန်၌ အပြစ်မရှိ။
၃၇ သို့သော်လည်း အခြားသောလူတစ်ယောက်သည်
သူ၏စိတ်ထဲ၌ ပို၍သေချာနိုင်၏။ ထိမ်းမြားလက်
ထပ်ရန် မလိုအပ်၊ ထို့ကြောင့် သူသည် သူလိုချင်
သောအရာတို့ကိုပြုရန် လွတ်လပ်ခွင့်ရှိ၏။ ထိုလူ
သည် မိမိစိတ်ထဲ၌လက်ထပ်ထိမ်းမြားခြင်းမရှိသော
အပျိုကညာကို ထိမ်းသိမ်းဖို့ရန် ဆုံးဖြတ်ထားပါက
သူသည် မှန်သောအရာကိုပြုလျက်နေ၏။ ၃၈ ထို့ကြောင့်
သူ၏သမီးအပျိုကညာကို ထိမ်းမြားလက်ထပ်ရန်
အခွင့်ပေးသောသူသည်လည်း မှန်သောအမှုကိုပြု၏။
တစ်ဖန် သူ၏သမီးအပျိုကညာကို ထိမ်းမြားလက်
ထပ်ရန် အခွင့်မပေးသောသူသည် သာ၍ကောင်း
၏။ ၃၉ မိန်းမတစ်ယောက်သည်သူမ၏လင်ယောက်ျား
နှင့်အတူ အသက်ရှင်သည့်ကာလပတ်လုံး အတူ
နေရပါမည်။ သို့သော်လည်း လင်ယောက်ျားသည်
သေလျှင် ထိုမိန်းမသည် သူမလက်ထပ်လိုသော
မည်သည့်ယောက်ျားနှင့်မဆို ထိမ်းမြားလက်ထပ်
ခွင့်ရှိ၏။ ၄၀ သို့သော်လည်း သူမသည် သခင်ဘုရား
၌သာ ထိမ်းမြားလက်ထပ်ရပါမည်။ သူမသည်
ထပ်၍တစ်ဖန် ထိမ်းမြားလက်ထပ်ခြင်းမပြုပါက
ထိုမိန်းမသည် သာ၍ဝမ်းမြောက်ပျော်ရွှင်နေ၏။ ဤ
အရာတို့သည် ငါ၏ ထင်မြင်ယူဆချက်သာလျှင်
ဖြစ်၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် ငါ၌ရှိတော်
မူသည်ကို ငါ ယုံကြည်၏။

## ရုပ်တုများရှေ့၌ပူဇော်သော အစားအစာများ အကြောင်း

၈ ယခုတွင် ရုပ်တုများရှေ့၌ ပူဇော်သောအသား
နှင့် သက်ဆိုင်သောအကြောင်းကို ငါရေးပါ
မည်။ “ငါတို့ ရှိသမျှတို့သည် ပိုင်းခြားတတ်သော
ဉာဏ်ရှိကြသည်” ကို ငါတို့ သိကြ၏။ “ပိုင်းခြားတတ်
သောဉာဏ်”သည် သင်တို့ကို အပြည့်အဝ ဝါကြွား
ထောင်လွှားစေရန် ပင့်မြောက်၏။ သို့သော်လည်း
အခြားသောသူတို့သည် ကြီးထွား၍ သန်မာလာစေ
ရန် မေတ္တာသည် သင်တို့ကို ကူညီပါမည်။ ၂ ငါ
သည် တစ်စုံတစ်ရာကို သိပြီဟု ထင်မှတ်သောသူ
သည် သူထင်မှတ်သည်အတိုင်း မည်သည့်အရာ
ကိုမျှ မသိရှိသေး။ ၃ သို့သော်လည်း ဘုရားသခင်
ကို ချစ်သောသူကို ဘုရားသခင်သိမှတ်တော်မူ၏။
၄ ထို့ကြောင့် အသားစားခြင်းနှင့် သက်ဆိုင်
သောအကြောင်းအရာတို့ကို ငါပြောဆို၏။ ရုပ်တု
သည် ဤလောကထဲ၌ ဘာမျှမဟုတ်သည်ကို ငါတို့
သိကြ၏။ ဘုရားသခင်တစ်ဆူတည်းသာ ရှိတော်မူ
သည်ကိုလည်း ငါတို့သိကြ၏။ ၅ ကောင်းကင်၌
သော်လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း

ဘုရားများဟူ၍ ခေါ်ရသောအရာများစွာရှိသော်လည်း
အမှန်စင်စစ် ဤအရာများတို့သည် အရေးကြီးသော
အရာများ မဟုတ်ပါ။ (လူတို့သည် “ဘုရားများ” နှင့်
“သခင်များ”ဟူ၍ ခေါ်သောအရာများစွာရှိ၏။)
၆သို့သော်လည်း ငါတို့အတွက် ဘုရားသခင်တစ်
ဆူတည်းသာရှိတော်မူ၏။ သူသည် ငါတို့၏အဖလည်း
ဖြစ်တော်မူ၏။ ခပ်သိမ်းသော အရာတို့သည် သူ့ထံ
မှ လာ၍ ငါတို့သည် သူ့အတွက် အသက်ရှင်ကြ၏။
ထာဝရဘုရားသခင်တစ်ဆူတည်းသာ ရှိတော်မူ၏။
သူသည် ယေရှုခရစ်တော် ပင်ဖြစ်၏။ ခပ်သိမ်းသော
အရာတို့သည် ယေရှုအားဖြင့် ဖြစ်၏။ ငါတို့သည်
လည်း ကိုယ်တော်အားဖြင့် အသက်ကို ရကြ၏။
၇ သို့သော်လည်း လူအားလုံးတို့သည် ဤအရာ
ကို မသိကြ။ အချို့သောသူတို့သည် ရုပ်တုများကို
ကိုးကွယ်သောအကျင့်သည် ယခုထိ တိုင်အောင်
ရှိကြ၏။ ထို့ကြောင့်လူတို့သည် အသားကို စားသော
အခါသူတို့သည်ရုပ်တုနှင့်စပ်ဆိုင်ကြသည်ဟုယခု
တိုင်အောင် ခံစားရကြ၏။ ထိုအသားကိုစားခြင်းသည်
မှန်သည်ဟူ၍ သူတို့သည် အသေအချာ မသိကြ။
ထို့ကြောင့် သူတို့သည် ထိုအသားကို စားသော
အခါ အပြစ်ရှိသည်ဟု သူတို့ ခံစားရကြ၏။ ၈သို့သော်
လည်း အစားအစာသည် ငါတို့အား ဘုရားသခင်
နှင့် ပို၍နီးကပ်စေသည် မဟုတ်။ အသားကိုစားရန်
ငြင်းပယ်ခြင်းသည်လည်း ငါတို့အား ဘုရားသခင်
၏စိတ်တော်ကို တွေ့ထိခြင်း၌ နည်းပါးစေသည် မ
ဟုတ်။ စားခြင်းသည်လည်း ငါတို့အား ပို၍ကောင်း
မွန်စေသည် မဟုတ်။
၉ သို့သော်လည်း သင်တို့၏ လွတ်လပ်ခြင်း
အခွင့်ကို ဂရုစိုက်ပါ။ သင်တို့၏ လွတ်လပ်ခြင်း
အခွင့်သည် ယုံကြည်ခြင်း၌ အားနည်းသောသူတို့
အား အပြစ်ထဲသို့ လဲကျစေပါ၏။ ၁၀ သင်တို့၌ နား
လည် သဘောပေါက်ခြင်း *(ပိုင်းခြားတတ်သော
ဉာဏ်)*ရှိ၏။ ထို့ကြောင့် သင်တို့သည် ရုပ်တုစင်၌
ရှိသောအသားကို စားရန်လွတ်လပ်ခွင့်ရှိ၏။ ယုံ
ကြည်ခြင်း၌ အားနည်းသော လူတစ်ယောက်သည်
ထိုနေရာ၌ သင်စားနေသည်ကို မြင်ရ၏။ ဤအရာ
အားဖြင့် သူသည် ရုပ်တုရှေ့၌ ပူဇော်သောအသား
ကို စားရန် ဝံ့ရဲလာစေမည်ဖြစ်၏။ သို့သော်လည်း
ထိုအရာသည် မှားယွင်းနေသည်ဟု အမှန်ထင်မှတ်
ပေမည်။ ၁၁ ထို့ကြောင့် သင်တို့၏ ပိုင်းခြားတတ်
သော ဉာဏ်အားဖြင့် ဤအားနည်း သော ညီအစ်ကို
သည် ပြိုလဲပျက်စီး *(ပျက်စီးယိုယွင်း)*မည်ဖြစ်၏။
၁၂ ခရစ်တော်သည် ဤညီအစ်ကိုအတွက်လည်း
အသေခံတော်မူ၏။ ခရစ်တော်၌ သင်တို့၏ ညီအစ်
ကိုမောင်နှမတို့အား ဆန့်ကျင်၍ သင်တို့သည်
အပြစ်ပြုမိသောအခါ မှားယွင်းသည်ဟု ထင်မှတ်ရ
သောအရာများကို ပြုလုပ်ခြင်းအားဖြင့် သူတို့အား
နာကျင်ထိခိုက်စေကြ၏။ ထို့နောက် သင်တို့သည်
လည်း ခရစ်တော်ကို ဆန့်ကျင်၍ ပြစ်မှားကြ၏။
၁၃ထို့ကြောင့် ငါစားသော အစားအစာသည် ငါ့
ညီအစ်ကိုအား အပြစ်ထဲသို့ လဲကျစေလျှင် ငါသည်
ဘယ်သောအခါမှအသားကိုတစ်ဖန်စား မည်မဟုတ်။
ငါသည် အသားကို စားခြင်းမှ ရပ်တန့် ရလိမ့်မည်။
ထိုသို့သောအားဖြင့် ငါသည် ငါ့ညီအစ်ကိုအား အပြစ်
ထဲသို့ လဲကျစေလိမ့်မည်မဟုတ်။

၉ ငါသည် လူလွတ်ဖြစ်၏။ ငါသည် တမန်တော်
တစ်ပါးလည်းဖြစ်၏။ ငါတို့၏ သခင်ဘုရားကို
ငါမြင်ပြီးဖြစ်၏။ သင်တို့သည် သခင်ဘုရား၌ ငါ
လုပ်ဆောင်သော ပုံသာဓကများ ဖြစ်ကြ၏။ ၂ အ
ခြားသောသူတို့သည် ငါ့အား တမန်တော်တစ်ပါး
ကဲ့သို့ လက်မခံကြ။ သို့သော်လည်း သင်တို့သည်
ငါ့အား တမန်တော်တစ်ပါးကဲ့သို့ အသေအချာ
လက်ခံကြ၏။ ငါသည် သခင်ဘုရား၌ တမန်တော်
တစ်ပါးအဝင် ဖြစ်သည်ကို သင်တို့သည် သေသေ
ချာချာ ထင်ရှားစေကြ၏။ ၃ အချို့သောသူတို့သည်
ငါ့အား တရားစီရင်လိုကြ၏။ ၄ ထို့ကြောင့် ဤအရာ
သည် ငါပေးသောအဖြေဖြစ်၏။ ငါတို့၌ စားခြင်း
သောက်ခြင်း အခွင့်ရှိကြ၏။ ထိုသို့ရှိကြသည် မ
ဟုတ်လော။ ၅ ငါတို့သည် ခရီးပြုသောအခါ ယုံကြည်
သော မယားတို့ကို ငါတို့နှင့်အတူ ခေါ်သွားနိုင်
သောအခွင့်ရှိကြ၏။ ထိုသို့ရှိကြသည် မဟုတ်လော။
အခြားသောတမန်တော်များ သခင်ဘုရား၏ညီတော်
များနှင့် ကေဖ စသည့်အားလုံးသောသူတို့သည်
လည်း ဤကဲ့သို့ ပြုကြ၏။ ၆ ဗာနဗနှင့် ငါသည် သာ
လျှင် မိမိတို့အသက်ရှင်ရေးအတွက် အလုပ်လုပ်ရ
မည့်သူများဖြစ်ကြပါသလား။ ၇ စစ်တပ်ထဲတွင် အ
ဘယ်စစ်သားတစ်ဦးတစ်ယောက်မျှ စစ်မှုကို ထမ်း
၍မိမိလုပ်အားခကို ကိုယ်ကိုယ်တိုင် မပေး။ မည်
သူ တစ်ဦးတစ်ယောက်မျှ စပျစ်ဥယျာဉ်ကို စိုက်၍
မိမိကိုယ်တိုင်စပျစ်သီးကို မစားရဘဲ မနေ။ မည်သူ
တစ်ဦးတစ်ယောက်ကမျှ သိုးစုတို့ကို ထိန်းကျောင်း
၍ မိမိကိုယ်တိုင်သိုးနို့ကို မသောက်သုံးရဘဲ မနေ။
၈ ဤအရာများတို့သည် လောကီသားတို့သည်သာ
ထင်မှတ်ကြသောအရာ မဟုတ်။ ဘုရားသခင်၏

ပညတ်တရားတော်၌လည်း ထိုနည်းတူဆို၏။ ၉ မှန်
ပါသည်။ ဤအရာသည် မောရှေ၏ပညတ္တိကျမ်း၌
ရေးထားလျက်ရှိ၏။ "စပါးနင်းနယ်ရန် သုံးသော
တိရစ္ဆာန်ကို သူနင်းနယ်သောစပါးအား စားခြင်းမှ
နှုတ်ပါးစပ်ကို ပိတ်၍ မချုပ်တည်းရ"။ ဘုရား
သခင်သည် ဤစကားတို့ကို မိန့်တော်မူစဉ်တွင်
ကိုယ်တော်သည် အလုပ်လုပ်လျက်ရှိသော တိရစ္ဆာန်
များအကြောင်းကိုသာ ပမာဏပြု၍ မိန့်တော်မူခြင်း
ဖြစ်ပါသလား။ ၁၀ ထိုသို့မဟုတ်ပါ။ ကိုယ်တော်သည်
အမှန်စင်စစ် ငါတို့အကြောင်းကို မိန့်တော်မူခြင်း
ဖြစ်၏။ မှန်ပါသည်။ ထိုကျမ်းစာသည် ငါတို့အတွက်
ကြောင့် ရေးထားတော်မူ၏။ လယ်ကို ထွန်ယက်
သောသူနှင့် စပါးကိုနင်းနယ်သောသူတို့သည် မိမိ
တို့၏လုပ်အားဖြင့် စပါးအချို့ကို ရမည်ဟူသော
မျှော်လင့်ချက်ရှိကြ၏။ ၁၁ ငါတို့သည် ဝိညာဉ်ပကတိ
မျိုးစေ့ကို သင်တို့၌စိုက်ပျိုးကြ၏။ ထို့ကြောင့် ငါတို့
သည် ဤအသက်တာတွင် အချို့သောအရာများ
တို့ကို သင်တို့အထဲမှ ရိတ်သိမ်းရန် *(ရရှိရန်)* တတ်
နိုင်ကြပါမည်။ ထိုအရာအတွက် အလွန်သေချာစွာ
တောင်းဆိုခြင်းမရှိပါ။ ၁၂ အခြားသောသူတို့သည်
ထိုအရာများကို သင်တို့ထံမှရရှိကြရာ အခွင့်ရှိကြ
၏။ ထို့ကြောင့် ငါတို့သည်လည်း ဤအခွင့်အရေးကို
သေချာစွာရ ရှိကြ၏။ သို့သော်လည်း ငါတို့သည်
ဤအခွင့်အရေးကို မသုံးကြ။ ထိုသို့မဟုတ်ရပါ။
ငါတို့သည် ခပ်သိမ်းသောအရာတို့၌ ကိုယ့်ကိုယ်ကို
ကြံ့ကြံ့ခံသည်းခံကြ၏။ သို့မှသာ ငါတို့သည် ခရစ်
တော်၏ဝမ်းမြောက်စရာသတင်းကောင်းကိုလူတိုင်း
အား နားထောင်ခြင်းမှ မရပ်တန့်စေရပါ။ ၁၃ ဗိမာန်
တော်၌ အလုပ်လုပ်သောသူတို့သည် မိမိတို့၏အစာ
ကို ဗိမာန်တော်မှရရှိကြသည်ကို သင်တို့သည်
အသေအချာ သိကြ၏။ ယဇ်ပလ္လင်၌အမှုကို ဆောင်
ရွက်သောသူတို့သည် ထိုယဇ်ပလ္လင်၌ မည်
သည့်အရာပူဇော်သည်ကို ဆက်ဆံ၍ စားရကြ၏။
၁၄ ဤအရာသည် ဝမ်းမြောက်စရာသတင်းကောင်း
ကိုဟောပြောသောသူတို့နှင့် တူညီ၏။ ဝမ်းမြောက်
စရာသတင်းကောင်းကို ဟောပြောသောသူတို့သည်
မိမိတို့လုပ်သောအလုပ်အားဖြင့် အသက်မွေးကြ
ရမည်အကြောင်း ဘုရားသခင်ပညတ်တော်မူ၏။
၁၅ သို့သော်လည်း ငါသည် ဤအခွင့်အရေးတစ်စုံ
တစ်ခုကိုမျှ မသုံးပါ။ ငါသည် ထိုအရာများကို ရဖို့
ရန်လည်း ကြိုးစားခြင်းမရှိပါ။ သင်တို့ထံသို့ ဤ
စာရေးရခြင်းအကြောင်းရင်းမှာ ထိုအရာမဟုတ်ပါ။
ငါ၏ဝါကြွားခြင်းအကြောင်းကို အဝေးသို့ယူသွား
သည်ထက် ငါသည် သာ၍အသေခံလိုပါ၏။ ၁၆ ဝမ်း
မြောက်စရာသတင်းကောင်းကို ဟောပြောရခြင်း
သည် ငါဝါကြွားစရာအကြောင်း မဟုတ်။ ဝမ်းမြောက်
စရာသတင်းကောင်းကို ဟောပြောရခြင်းသည် ငါ
ဆောင်ရွက်ရမည့် တစ်စုံတစ်ခုသောအမှုဖြစ်၍
ငါ၏တာဝန်ဖြစ်၏။ ငါသည်ဝမ်းမြောက်စရာသတင်း
ကောင်းကို မဟောမပြောဘဲနေလျှင် ငါ၌ ဆိုးသော
အမှုသာဖြစ်လိမ့်မည်။ ၁၇ ငါသည် ဝမ်းမြောက်စရာ
သတင်းကောင်းကိုဟောပြောသည်ရှိသော် ငါသည်
ဆုကျေးဇူးကို ခံရမည်။ အဘယ်ကြောင့်ဆိုသော်
ထိုအရာသည် ငါကိုယ်တိုင် ရွေးချယ်သောအမှုဖြစ်
၏။ ငါသည် ဝမ်းမြောက်စရာသတင်းကောင်းကို
ဟောပြောရမည်။ ငါသည် ငါ့အား ပေးအပ်တော်မူ
သောအမှုကိစ္စများကိုသာ ဆောင်ရွက်ရ၏။ ၁၈ ထို့
ကြောင့် ငါသည်အဘယ်ဆုကျေးဇူး *(အကျိုးကျေးဇူး)*
ကိုခံရပါမည်နည်း။ ငါသည်ဝမ်းမြောက်စရာသတင်း
ကောင်းကို ဟောပြောသောအခါ အခမဲ့လွတ်လပ်
စွာပေးလှူ၏။ ထိုအရာသည် ငါ၏ အကျိုးကျေးဇူး
ပင်ဖြစ်၏။ ဤနည်းအားဖြင့် ငါသည် ဝမ်းမြောက်
စရာသတင်းကောင်းကို ဟောပြောသောအခါ
အဖိုးအခကို ခံယူရသောအခွင့် အရေးကို မသုံး။
၁၉ ငါသည် လွတ်လပ်သောသူ ဖြစ်၏။ ငါသည်
မည်သူ၏ကျွန်ကိုမျှမခံ။ သို့သော်လည်း ငါသည်
ကိုယ့်ကိုယ်ကို လူအားလုံးတို့၏ အစေကိုခံသော
ကျွန်အရာ၌အပ်နှံ၏။ ငါသည် တတ်နိုင်သရွေ့များ
နိုင်သမျှများစွာသောလူတို့သည် ကယ်တင်ခြင်းရ
ရန် ကူညီသောအားဖြင့် ဤအရာကို ငါပြု၏။ ၂၀ ငါ
သည် ဂျူးလူမျိုးတို့အားရရန် ဂျူးလူမျိုးကဲ့သို့ နေ
၏။ ငါသည် ဂျူးလူတို့အား ကယ်တင်ခြင်းသို့ရောက်
ရန် ကူညီသောအားဖြင့် ဤအရာကိုပြုခဲ့၏။ ငါသည်
ကိုယ့်ကိုယ်ကို ပညတ်တရား၏အုပ်စိုးခြင်း၊ ချုပ်
နှောင်ခြင်းကို မခံ။ သို့သော်လည်း ပညတ်တရား
သည် အုပ်စိုး၍ ချုပ်နှောင်သောလူတို့အတွက် ငါ
သည် ပညတ်တရား၏အုပ်စိုးခြင်းကိုခံသောလူတစ်
ယောက်ကဲ့သို့ နေ၏။ ၂၁ ပညတ်တရားမရှိသော
သူတို့အတွက် ငါသည် ပညတ်တရားမရှိသော သူ
တစ်ယောက်ကဲ့သို့ ငါနေ၏။ ငါသည် ပညတ်တရား
၌မရှိသောသူတို့အား ကယ်တင်နိုင်ရန် ထိုသို့ လုပ်
၍ ကူညီလေ၏။ သို့သော်လည်း အမှန်စင်စစ် ငါ
သည် ဘုရားသခင်၏ပညတ်တော်တရားအောက်
၌မရှိ။ ငါသည် ခရစ်တော်ဘုရား၏ ပညတ်တော်

အောက်၌ စိုးမိုးခြင်းကို ခံရ၏။ ၂၂ ငါသည် အားနည်း
သော သူတို့၌ အားနည်းသောသူဖြစ်လာ၏။ သို့မှ
သာ ငါသည် သူတို့အား ကယ်တင်ခြင်းသို့ ရောက်
ရန် ကူညီနိုင်ပါမည်။ ငါသည် လူအားလုံးတို့၌အလုံး
စုံသောအရာဖြစ်၏။ ငါသည် လူတို့အား ဖြစ်နိုင်
သောမည်သည့်နည်းလမ်းအားဖြင့်မဆို ကယ်တင်
ခြင်းသို့ရောက်ရန် ဤအရာကို ပြုခဲ့၏။ ၂၃ ငါသည်
ဝမ်းမြောက်စရာသတင်းကောင်းကြောင့် ဤအရာ
အားလုံးတို့ကိုပြု၏။ ငါသည်ဝမ်းမြောက်စရာသတင်း
ကောင်း၏ကောင်းချီးမင်္ဂလာများကို ဝေငှနိုင်ရန်
ဤအရာများတို့ကို ဆောင်ရွက်လျက်ရှိ၏။
၂၄ အပြေးပြိုင်ပွဲတစ်ခုတွင်ပြိုင်ပွဲဝင်သောအပြေး
သမားများအားလုံးတို့သည် ပြေးကြသည်ကို သင်
တို့သိကြ၏။ သို့သော်လည်း အပြေးသမားတစ်ဦး
သာလျှင် ဆုကိုရရှိ၏။ ထို့ကြောင့် ထိုနည်းတူပြေး
ကြပါ။ အနိုင်ရရန် ပြေးကြပါ။ ၂၅ အားကစားပြိုင်ပွဲ
တွင်အောင်မြင်စွာ ကစားသောသူအားလုံးတို့သည်
တိကျသောလေ့ကျင့်မှု သင်တန်းကို ပြီးစီးကြ၏။
သူတို့သည်သရဖူ *(ဆုလာဘ်)* ကိုရယူနိုင်ရန်ထိုသို့
လေ့ကျင့်ခြင်းကို ပြုကြ၏။ ထိုသရဖူသည် လောကီ
အရာသာဖြစ်၍ တိုတောင်းသောအချိန်အတွင်း၌
သာဖြစ်၏။ သို့သော်လည်း ငါတို့၏သရဖူ *(ဆုလာဘ်)*
သည် ထာဝရအစဉ်အမြဲတည်ရှိလိမ့်မည်။ ၂၆ ထို့
ကြောင့် ငါသည် ပန်းတိုင်ရှိသောသူတစ်ယောက်
ကဲ့သို့ ပြေး၏။ ငါသည် လေထုထဲကိုသာ ထိုးခြင်း
မဟုတ်။ တစ်စုံတစ်ခုကိုထိုးသတ်နေသောလက်ဝှေ့
သမားတစ်ဦးကဲ့သို့ တိုက်ခိုက်နေ၏။ ၂၇ ထိုသို့ဆို
သော် ငါ့ကိုယ်ခန္ဓာကို ငါထိုး၍ တိုက်ခိုက်နေလျက်
ငါသည် ကိုယ်ကိုပင် ကျွန်ခံစေ၏။ ငါသည် ဤအရာ
ကို ပြု၏။ သို့မှသာ ငါသည် အခြားသောလူတို့အား
ဟောပြောသွန်သင်ပြီးနောက် ငါကိုယ်တိုင်သည်
ငြင်းပယ်ခြင်း *(ဘုရားသခင်ကိုယ်တိုင်ပစ်ပယ်ခြင်း)*
ကို မခံရမည့်အကြောင်းဖြစ်၏။

### ဂျူးလူမျိုးတို့ကဲ့သို့ မဖြစ်စေကြနှင့်

၁၀ ညီအစ်ကိုမောင်နှမများတို့ မောရှေနောက်
သို့ လိုက်ခဲ့ကြသော ငါတို့၏ဘိုးဘေးများ
တို့၌ အဘယ်သို့ဖြစ်ပျက်ခဲ့သည်ကို သင်တို့အား
ငါသိစေလို၏။ ၂ သူတို့အားလုံးသည် မိုးတိမ်အောက်
၌ ရှိခဲ့ကြ၏။ ထိုသူအားလုံးတို့သည် မောရှေအား
ဖြင့် မိုးတိမ်အောက်နှင့် ပင်လယ်ထဲ၌ ဗတ္တိဇံခံခဲ့
ကြ၏။ ၃ သူတို့အားလုံးတို့သည် တူညီသောဝိညာဉ်
ပကတိ အစာတစ်မျိုးတည်းကိုသာ သုံးဆောင်ခဲ့ကြ
၏။ ၄ သူတို့အားလုံးသည် တူညီသောဝိညာဉ်ပကတိ
ရေကိုလည်း အတူသောက်ခဲ့ကြ၏။ သူတို့သည်
သူတို့နှင့်အတူရှိသော ထိုဝိညာဉ်ပကတိကျောက်
မှ ရေကိုသောက်ကြ၏။ ထိုကျောက်သည် ခရစ်
တော်ပင်ဖြစ်၏။ ၅ သို့သော်လည်း ဘုရားသခင်သည်
ထိုလူအများစုတို့အပေါ်၌ အားရနှစ်သက်တော်မူ
ခြင်း မရှိခဲ့ပါ။ သူတို့သည် တော၌အသေသတ်ခြင်း
ကို ခံရကြ၏။
၆ ထိုသို့ဖြင့် ဤသို့ဖြစ်ပျက်ခဲ့သောအရာများတို့
သည် ငါတို့အတွက် ပုံသက်သေများဖြစ်ကြ၏။ ထို
သူတို့ပြုခဲ့သည်နည်းတူ အပြစ်ဒုစရိုက်များကို ပြု
ချင်သောအမှုတို့မှ ရပ်တန့်ကြခြင်းအားဖြင့် ထိုပုံ
သာဓကများကို ငါတို့သည် ကုန်စေကြစို့။ ၇ ထိုလူ
အချို့တို့ ပြုခဲ့သကဲ့သို့ ရုပ်တုများကို မကိုးကွယ်
ကြပါနှင့်။ ကျမ်းစာ၌ ဤသို့ရေးထား၏။ "လူတို့
သည် စားဖို့၊ သောက်ဖို့ရန် ထိုင်နေကြ၏။ လူတို့
သည် ကခုန်ဖို့ရန် မတ်တပ်ရပ်လျက်နေကြ၏"
၈ ထိုသူအချို့တို့ ပြုခဲ့သည်နည်းတူ ငါတို့သည်
မတရားသောမေထုန်၌ မှီဝဲခြင်းကို မပြုရ။ သူတို့
သည်ထိုသို့သောအပြစ်ကြောင့် တစ်နေ့တည်းတွင်
လူနှစ်သောင်းသုံးထောင် သေကြေပျက်စီးကြ၏။
၉ ထိုလူအချို့တို့ ပြုသကဲ့သို့ ငါတို့သည် ထာဝရ
ဘုရားကိုစုံစမ်းခြင်းမပြုရ။ သူတို့သည်ထာဝရဘုရား
ကိုစုံစမ်းခဲ့ကြသောကြောင့် မြွေများအားဖြင့် သူတို့
သည် သေကြေပျက်စီးခဲ့ကြ၏။ ၁၀ အချို့သောထိုသူ
တို့ကဲ့သို့ မြည်တမ်းခြင်းကို မပြုကြနှင့်။ ထိုသူတို့
သည် ဖျက်ဆီးသော ကောင်းကင်တမန်အားဖြင့်
သေကြေပျက်စီးခဲ့ကြ၏။
၁၁ ထိုသူတို့၌ဖြစ်ပျက်ခဲ့သောအရာများတို့သည်
ပုံသက်သေများဖြစ်ကြ၏။ ငါတို့အားသတိပေးတား
မြစ်ရန် ထိုအရာများတို့သည် ရေးထားလျက်ရှိ၏။
လွန်ခဲ့ပြီးသောအချိန်၌ ဖြစ်ပျက်ခဲ့သောအရာအား
လုံးတို့သည် အသီးသီး မိမိတို့၏အဆုံးသို့ ရောက်
လာခဲ့ကြသောအခါ ငါတို့သည် အသက်ရှင်နေကြ
၏။ ၁၂ ထို့ကြောင့် ငါသည် အားရှိ၍ ရပ်လျက်နေ
သည်ဟု ထင်မှတ်သောသူသည် လဲကျမသွားစေ
ရန် သတိနှင့်နေစေ။ ၁၃ သင်တို့၌ရှိသော စုံစမ်း
နှောင့်ယှက်ခြင်းသည် လူအားလုံးတို့၌ရှိသော စုံစမ်း
နှောင့်ယှက်ခြင်းသာဖြစ်၏။ သို့သော်လည်း သင်
တို့သည် ဘုရားသခင်ကို ကိုးစားနိုင်ကြ၏။ ကိုယ်
တော်သည်သင်တို့ခံနိုင်သည်ထက်ပို၍စုံစမ်းနှောင့်

ယှက်ခြင်းကို သင်တို့အပေါ်သို့ ကျရောက်စေလိမ့်
မည်မဟုတ်။ သို့သော်လည်း သင်တို့သည် စုံစမ်း
နှောင့်ယှက်ခြင်းကို ခံရသောအခါ ဘုရားသခင်
သည် ထိုစုံစမ်းနှောင့်ယှက်ခြင်းမှ လွတ်မြောက်ရာ
လမ်းကို သင်တို့အား ပေးတော်မူလိမ့်မည်။ ထို့
နောက် သင်တို့သည် ထိုအရာအပေါ်၌ တာရှည်
ခိုင်မြဲစွာ သည်းခံနိုင်ရန် တတ်နိုင်ကြလိမ့်မည်ဖြစ်
သည်။

၁၄ ထို့ကြောင့် ငါချစ်သောမိတ်ဆွေတို့ ရုပ်တု
ဆင်းတုများကို ကိုးကွယ်ခြင်းမှ ဝေးဝေးရှောင်ကြ
ပါ။ ၁၅ ငါသည် အဘယ်သို့ ပြောဆိုသည်ကို သင်တို့
ကိုယ်သင်တို့ ဆင်ခြင်ဆုံးဖြတ်ကြရန် သင်တို့အား
ပညာရှိသောသူတို့ကဲ့သို့ ငါပြောဆို၏။ ၁၆ ကျေးဇူး
တော်ကို ချီးမွမ်းရာမင်္ဂလာခွက်ဖလားသည် ခရစ်
တော်၏အသွေးတော်*(အသေခံတော်မူခြင်း)*ကို ဝေမျှ
ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ ၁၇ ငါတို့ဖဲ့
သောမုန့်သည်လည်း ခရစ်တော်၏ကိုယ်ကို ဝေမျှ
ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ မုန့်တစ်လုံး
တည်းရှိ၏။ ငါတို့သည် အများဖြစ်ကြ၏။ သို့သော်
လည်း ငါတို့အားလုံးသည် ထိုမုန့်တစ်လုံးတည်းကို
သာ ဝေမျှကြ၏။ ထို့ကြောင့် ငါတို့သည် အမှန်စင်စစ်
ကိုယ်ခန္ဓာတစ်ခုတည်းသာဖြစ်ကြ၏။

၁၈ ဣသရေလလူမျိုး *(ဂျူးလူမျိုး)* တို့အကြောင်း
ကို ဆင်ခြင်ကြပါ။ ထိုလူတို့သည် ယဇ်ပလ္လင်ပေါ်၌
ယဇ်ကောင်၏အသားကို ဝေမျှကြသည်မဟုတ်လော။
၁၉ ထိုသို့ဆိုရာ၌ ရုပ်တု၌ ပူဇော်သောအစားအစာ
သည် အရေးကြီးသောအရာတစ်စုံတစ်ခုဖြစ်သည်
ဟု ငါမဆိုလို။ ရုပ်တုသည် တစ်စုံတစ်ရာဖြစ်သည်
ဟု ငါမဆိုလို။ ၂၀ သို့သော်လည်း ငါဆိုလိုသည်မှာ
လူတို့သည် ရုပ်တုဆင်းတုများတို့အား ပူဇော်သော
အရာများတို့သည် ဘုရားသခင်ကို ပူဇော်သည် မ
ဟုတ်။ နတ်ဆိုးများကိုသာ ပူဇော်ကြခြင်းဖြစ်၏။ သို့
ဖြစ်၍ သင်တို့သည် နတ်ဆိုးများအား မည်သည့်
အရာကိုမျှ ဝေမျှဆက်ဆံခြင်း ပြုကြရန် ငါအလို
မရှိ။ ၂၁ သင်တို့သည် သခင်ဘုရား၏ ခွက်ဖလား
နှင့် နတ်ဆိုးတို့၏ခွက်ဖလားကို အတူမသောက်
နိုင်ကြ။ သင်တို့သည် သခင်ဘုရား၏ စားပွဲနှင့်
နတ်ဆိုးတို့၏ စားပွဲများကို အတူဝင်၍ မစားနိုင်
ကြ။ ၂၂ သခင်ဘုရားသည် အမျက်တော်ထွက်၍
ငါတို့သည် ပြုရကြမည်လော။ ငါတို့သည် ဘုရား
သခင်ထက် သာ၍တန်ခိုးကြီးကြပါသလား။ အလျင်း
မကြီးကြပါ။

**သင်တို့၏ လွတ်လပ်ခြင်းအခွင့်ကို ဘုရားသခင်၏ဘုန်းတော်အတွက် သုံးကြပါ**

၂၃ "ခပ်သိမ်းသောအရာတို့သည်ပြုနိုင်ရန်အခွင့်
ရှိ၏"။ မှန်ပါသည်။ သို့သော်လည်း ခပ်သိမ်းသော
အရာတို့သည် မကောင်း။ "ခပ်သိမ်းသောအရာတို့
သည် ပြုနိုင်ရန်အခွင့်ရှိ၏"။ မှန်ပါသည်။ သို့သော်
လည်း အချို့သောအရာတို့သည် အခြားသောသူတို့
ကို သန်မာကြီးထွားလာရန် မကူညီနိုင်။ ၂၄ မည်
သူမျှ ကိုယ်အကျိုးအတွက်ကိုသာ အထောက်အကူ
ဖြစ်စေသောအရာများတို့ကို ကြိုးစား၍ မဆောင်
ရွက်သင့်။ သူသည် အခြားသောသူများအတွက် အ
ဘယ်အရာသည် ကောင်းပြီး အကျိုးရှိသည်ကို ရှာ
ဖွေလုပ်ဆောင်ရပါမည်။

၂၅ ဈေး၌ ရောင်းသမျှသော မည်သည့်အသား
ကိုမဆို မစားနှင့်။ သင်သည် တစ်စုံတစ်ခုကို စား
ရန်မှားယွင်းနေသည်ဟု ထင်မှတ် လျှင် ထိုအသား
ကို ကြည့်မြင်ရန် စစ်ကြောမေးမြန်းခြင်းမပြုပါနှင့်။
၂၆ သင်သည် ထိုအသားကို စားနိုင်၏။ "အဘယ်
ကြောင့်ဆိုသော် ဤကမ္ဘာမြေကြီးနှင့် မြေကြီး၌ ရှိ
သမျှသောအရာရှိသမျှတို့ကို ဘုရားသခင်ပိုင်တော်
မူသောကြောင့်ဖြစ်၏"။

၂၇ ယုံကြည်သူမဟုတ်သောသူတစ်ယောက်သည်
သင့်အား သူနှင့်အတူ စားရန်ဖိတ်ခေါ်၏။ သင်
သည် သွားရန်အလိုဆန္ဒရှိလျှင် သင်တို့ရှေ့၌ ချ
ထားသော မည်သည့်အသားကိုမဆို မရှောင်ဘဲ စား
ပါ။ ထိုအရာသည် မှားယွင်းသောအရာဖြစ်သည်ဟု
သင်ထင်မှတ်သောအရာများဖြစ်လျှင် တွေ့မြင်ရန်
မေးမြန်းခြင်း မပြုပါနှင့်။ ၂၈ သို့သော်လည်း လူတစ်
ယောက်သည် သင်တို့အား "ထိုအစားအစာသည်
ရုပ်တုများအား ပူဇော်သော အစားအစာဖြစ်သည်"
ဟုဆိုလျှင် ထိုအစားအစာကို မစားကြနှင့်။ ထိုအရာ
ကို မစားကြနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုအသား
ကို စားခြင်းသည် တစ်စုံတစ်ရာ မှားယွင်းသည်ဟု
လူတို့သည် ထင်မှတ်သောကြောင့် သင်တို့အား
ပြောပြသော ထိုသူ၏ယုံကြည်ခြင်းကို မထိခိုက်မနာ
ကျင်စေရန်ဖြစ်၏။ ၂၉ ထိုအရာသည် မှားယွင်းနေ
သည်ဟု သင်တို့အား ငါမဆိုလို။ သို့သော်လည်း
အခြားသောသူက ထိုအရာသည် မှားယွင်းသည်ဟု
ထင်မှတ်နိုင်၏။ ထိုအကြောင်းကြောင့် ငါသည် အသား
ကို မစားဘဲ နေရခြင်းအကြောင်းဖြစ်၏။ ငါ၏ကိုယ်
ပိုင်လွတ်လပ်ခွင့်ကို အခြားသောသူတစ်ယောက်
သည် အဘယ်သို့သောအားဖြင့် စစ်ကြောစီရင်၍

မရနိုင်။ ၃၀ ငါသည် ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်
အစာကို စား၏။ ထို့ကြောင့် ငါသည် တစ်စုံတစ်ရာ
အတွက် ဘုရားသခင်ကို ချီးမွမ်းသောကြောင့် စစ်
ကြောဝေဖန်ခြင်းကို မခံလို။

၃၁ ထို့ကြောင့် သင်တို့သည် စားသည် ဖြစ်စေ၊
သောက်သည်ဖြစ်စေ၊ မည်သည့်အရာတစ်ခုခုကို
ပြုလုပ်သည်ဖြစ်စေ ဘုရားသခင်၏ ဘုန်းအသရေ
တော် ထင်ရှားစေရန်သာ ပြုပါ။ ၃၂ ဂျူးလူမျိုး၊ ဂရိ
လူမျိုး *(ဂျူးမဟုတ်သောလူမျိုး)*၊ သို့မဟုတ် ဘုရား
သခင်၏အသင်းတော်စသည့် အခြားသောသူတို့အား
ထိမိ၍ မှားယွင်းစရာဖြစ်စေသော မည်သည့်အရာ
ကိုမဆို ဘယ်သောအခါမျှ မပြုလုပ်ကြနှင့်။ ၃၃ ငါ
သည် ထိုနည်းတူ ပြု၏။ ငါသည် ခပ်သိမ်းသောလူ
တို့အား ခပ်သိမ်းသောနည်းလမ်းအားဖြင့် ကျေနပ်
နှစ်သက်စေရန် ကြိုးစား၏။ ငါ့အဖို့ အဘယ်အရာ
သည် ကောင်းသည်ဟူ၍ ငါသည် ကြိုးစားပြီး မပြု။
ငါသည် အခြားသောလူအများစုတို့အတွက် အဘယ်
အရာသည် ကောင်းသည်ဟူ၍ ကြိုးစားပြီးလုပ်၏။
သို့မှသာ လူတို့သည် ကယ်တင်ခြင်းသို့ ရောက်နိုင်
မည်ဖြစ်၏။

၁၁ ငါသည် ခရစ်တော်၏ပုံသက်သေကိုလိုက်
သည်နည်းတူ ငါ၏ပုံသက်သေကို လိုက်
ကြပါ။

**တန်ခိုးအာဏာအောက်၌ အပ်နှံပါ**

၂ သင်တို့သည် အရာရာ၌ ငါ့ကို အောက်မေ့
သတိရကြသောကြောင့် ငါသည် သင်တို့ကို ချီးမွမ်း
၏။ ငါအပ်ပေးသောအရာတို့ကို သင်တို့သည်
နီးကပ်စွာလိုက်ကြ၏။ ၃ သို့သော်လည်း သင်တို့သည်
ဤအရာတို့ကို နားလည်စေရန် ငါအလိုရှိ၏။ ခပ်
သိမ်းသောယောကျ်ားတို့၏ဦးခေါင်း *(အခွင့်အာဏာ၊*
*တန်ခိုး)* သည် ခရစ်တော်ဖြစ်၏။ မိန်းမတစ်ဦး၏
ဦးခေါင်းသည်လည်း ယောကျ်ားဖြစ်၏။ ခရစ်တော်
၏ဦးခေါင်းသည် ဘုရားသခင်ဖြစ်တော်မူ၏။ ၄ ခပ်
သိမ်းသောယောကျ်ားတို့သည် ပရောဖက်ပြု၍သော်
လည်းကောင်း၊ ဆုတောင်း၍သော်လည်းကောင်း၊
မိမိခေါင်းကို ဖုံးအုပ်လျှင် မိမိခေါင်းအသရေကို
ရှုတ်ချ၍ ရှက်ကြောက်ခြင်း ဖြစ်စေ၏။ ၅ သို့သော်
လည်း ခပ်သိမ်းသောမိန်းမတို့သည် ဆုတောင်း၍
သော်လည်းကောင်း၊ ပရောဖက်ပြုသော်လည်းကောင်း
မိမိခေါင်းကို ဖုံးအုပ်ရမည်။ သူမ၏ ခေါင်းသည်
ဖုံးအုပ်ခြင်းမရှိလျှင် သူမသည် မိမိခေါင်းအသရေ
ကိုရှုတ်ချ၍ ရှက်ကြောက်ခြင်းဖြစ်စေ၏။ ထို့နောက်
သူမသည် မိမိဆံပင်ကို ရိတ်သော မိန်းမနှင့် တူ၏။
၆ မိန်းမတစ်ဦးသည် သူမ၏ခေါင်းကို ဖုံးအုပ်ခြင်းမရှိ
လျှင် မိမိဆံပင် အားလုံးကို ဖြတ်တောက်ပစ်ခြင်း၊
သို့မဟုတ် မိမိခေါင်းကို ရိတ်ခြင်းမှာ ရှက်ကြောက်
ရွံ့ရှာဖွယ်ဖြစ်၏။ ထို့ကြောင့် သူမသည် မိမိခေါင်းကို
ဖုံးအုပ်ရမည်။ ၇ သို့သော်လည်း ယောကျ်ားတစ်
ယောက်သည် မိမိခေါင်းကို မဖုံးအုပ်ရ။ အဘယ်
ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏ ပုံသဏ္ဌာန်
တော်နှင့်တူ၍ ဘုရားသခင်၏ ဘုန်းအသရေတော်
လည်းဖြစ်၏။ သို့သော်လည်း မိန်းမသည် ယောကျ်ား
၏ ဘုန်းအသရေဖြစ်၏။ ၈ ယောကျ်ားသည် မိန်းမ
ထံမှ လာသည် မဟုတ်။ မိန်းမသည် ယောကျ်ားထံမှ
လာခဲ့ခြင်းဖြစ်၏။ ၉ ယောကျ်ားသည် မိန်းမအတွက်
ဖန်ဆင်းသည်မဟုတ်။ မိန်းမသည်ယောကျ်ားအတွက်
ဖန်ဆင်း၏။ ၁၀ သို့ဖြစ်၍ ထိုအကြောင်းကြောင့် မိန်းမ
တစ်ဦးသည် အခွင့်အာဏာတန်ခိုးအောက်၌ သူ
မရှိနေသည်ကို ဖော်ပြရန် သူမ၏ ခေါင်းကို ဖုံးအုပ်
ရမည်။ သူမသည် ကောင်းကင်တမန်များကို
ထောက်၍ ဤအရာကို ပြုရမည်။

၁၁ သို့သော်လည်း သခင်ဘုရား၌ မိန်းမသည်
ယောကျ်ားအတွက် အရေးကြီး၏။ ယောကျ်ားသည်
လည်း မိန်းမအတွက် အရေးကြီး၏။ ၁၂ ဤအရာ
သည် မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် မိန်းမ
သည် ယောကျ်ားထံမှ လာ၏။ သို့ရာတွင် ယောကျ်ား
သည်လည်း မိန်းမအားဖြင့် မွေးဖွား၏။ အမှန်စင်
စစ် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထံ
တော်မှ လာကြ၏။ ၁၃ သင်တို့သည် ဤအရာကို
ကိုယ်အလိုအလျောက် ဆုံးဖြတ်၍ ဆင်ခြင်စီရင်
ကြပါ။ မိန်းမတစ်ဦးသည် မိမိခေါင်း၌ တစ်စုံတစ်ခု
ကို မထားဘဲ ဘုရားသခင်ကို ဆုတောင်းခြင်းသည်
ဖြောင့်မတ်၍ မှန်ကန်ပါသလား။ ၁၄ ယောကျ်ားတစ်
ယောက်သည် ရှည်သောဆံပင်ရှိလျှင် ရှက်ဖွယ်
ရာဖြစ်သည်ဟု ပကတိတရားသေတွင် သင်တို့ကို
ဆုံးမသွန်သင်၏။ ၁၅ သို့သော်လည်း မိန်းမတစ်ဦး
သည် ရှည်သောဆံပင်ရှိလျှင် ထိုမိန်းမအတွက်
ဂုဏ်အသရေရှိ၏။ မိန်းမတို့သည် မိမိခေါင်းကို ဖုံး
အုပ်ရန် ရှည်သောဆံပင်ကို ပေးတော်မူ၏။ ၁၆ အချို့
သောသူတို့သည် ဤအကြောင်းအရာတို့ကို အငြင်း
အခုံပြုလိုသေး၏။ သို့သော်လည်း ငါတို့နှင့် ဘုရား
သခင်၏အသင်းတော်များတို့သည် ထိုသူတို့ပြုသော
အရာများတို့ကို လက်ခံခြင်း မရှိကြ။

## သခင်ဘုရား၏ညစာ

၁၇ သင်တို့အား ယခုငါပြောသောအရာအားဖြင့်
ငါသည် သင်တို့ကို မချီးမွမ်း။ သင်တို့၏ စည်းဝေး
ခြင်းများသည် သင်တို့အား ကူညီ၍ အကျိုးရှိစေ
သည်ထက် ပို၍ပင် အကျိုးယုတ်စေ၏။ ၁၈ ပထမ
တွင်သင်တို့သည် အသင်းတော်တစ်ပါးကဲ့သို့ အတူ
တကွတွေ့ဆုံ၍ စည်းဝေးကြသောအခါ သင်တို့
သည် အချင်းချင်းကွဲပြားကြသည်ဟု ငါကြား၏။ ထို
အထဲတွင် အချို့တို့သည် မှန်မည်ဟု ငါယုံကြည်
၏။ ၁၉ (သင်တို့အချင်းချင်းထဲ၌ ကွဲပြားခြားနား
ခြင်းရှိဖို့ရန် လိုအပ်၏။ သို့မှသာ သင်တို့တွင် မည်
သူသည် ဖြောင့်မတ်စွာ အမှန်ပြုကျင့်သည်ကို ထင်
ရှားပါမည်။) ၂၀ သင်တို့အားလုံးသည် အတူတကွ
လာ၍ စည်းဝေးကြသောအခါ သင်တို့သည် သခင်
ဘုရား၏ပွဲတော်ညစာကို အမှန်စင်စစ် စားကြသည်
မဟုတ်။ ၂၁ အဘယ်ကြောင့်ဆိုသော် သင်တို့သည်
စားသောအခါ အခြားသော သူတို့ကို မစောင့်ကြဘဲ
ကိုယ်စီကိုယ်စီ မိမိတို့ အစာကိုသာ စားကြ၏။ အခြား
သောသူတို့သည် အလွန်စားသောက်ကြူးလျက် ရှိ
ကြစဉ်တွင် အချို့သောသူတို့သည် စားဖို့ရန် သို့မ
ဟုတ် သောက်ဖို့ရန် မရှိကြ။ ၂၂ သင်တို့သည် အသီး
သီး မိမိအိမ်၌ စားနိုင်သောက်နိုင်သောအခွင့်ရှိကြ
၏။ သင်တို့သည် ထိုသို့ပြုကြသောကြောင့် ဘုရား
သခင်၏ အသင်းတော် *(လူ)* သည် အရေးမကြီးဟု
ထင်မှတ်စရာရှိ၏။ သင်တို့သည် ဆင်းရဲနွမ်းပါး
သောသူတို့ကို အရှက်ရစေကြ၏။ ငါသည် သင်တို့
အား အဘယ်အရာကို ပြောဆို ပါသနည်း။ သင်တို့
သည် ထိုအရာကိုပြုသောကြောင့် ငါသည် သင်တို့
ကို ချီးမွမ်းပါသလား။ ငါသည်သင်တို့ကို မချီးမွမ်း။
၂၃ ငါသည်သင်တို့အားသွန်သင်သောဒေသနာ
သည် သခင်ဘုရားထံတော်မှ ခံရသော သွန်သင်
ခြင်း ဒေသနာပင်ဖြစ်၏။ ယေရှုသည် သတ်ဖို့ရန်
အပ်နှံခြင်းခံရသောနေ့ ညဉ့်၌ ကိုယ်တော်သည် မုန့်
ကိုယူ၍ ၂၄ ထိုမုန့်အတွက် ကျေးဇူးတော်ကို ချီး
မွမ်း၏။ ထို့နောက် ကိုယ်တော်သည် မုန့်ကို ဖဲ့၍
"ဤမုန့်သည် သင်တို့အတွက် ချိုးဖဲ့သော ငါ၏
ကိုယ်ဖြစ်၏။ ငါ့ကို အောက်မေ့ဖို့ရာ ဤသို့ပြုကြ
ပါ"ဟု မိန့်တော်မူ၏။ ၂၅ ထိုနည်းတူ သူတို့သည်
စားပြီးမှ ယေရှုသည်စပျစ်ရည်ထည့်ထားသော ခွက်
ကိုလည်း ယူ၏။ ယေရှုက "ဘုရားသခင်သည် မိမိ
၏လူတို့နှင့် အသစ်ဖွဲ့ဆိုထားသော သဘောတူညီ
ချက်ပဋိညာဉ်တရားသစ်ကို ဤစပျစ်ရည်အားဖြင့်
ထင်ရှားဖော်ပြတော်မူ၏။ ဤအသစ်သော သဘော
တူညီချက်ပဋိညာဉ်တရားသည် ငါ၏အသွေးတော်
*(အသေခံတော်မူခြင်း)* နှင့်အစပြု၏။ သင်တို့သည်
ဤခွက်ကို သောက်သောအခါ ငါ့ကို အောက်မေ့
ဖို့ရန် ပြုကြပါ"ဟု မိန့်တော်မူ၏။ ၂၆ သင်တို့သည်
ဤမုန့်ကိုစား၍ ဤခွက်ကိုသောက်သောအခါတိုင်း
၌ သခင်ဘုရား၏ အသေခံတော်မူခြင်းကို ကြွလာ
တော် မမူမီတိုင်အောင် အောက်မေ့သတိရခြင်း
ဖြစ်သည်။
၂၇ ထို့ကြောင့် လူတစ်ယောက်သည် မထိုက်
မတန်ဘဲ သခင်ဘုရား၏မုန့်ကို စား၍ သခင်ဘုရား
၏ခွက်ကို သောက်လျှင် ထိုသူသည် သခင်ဘုရား
၏ ကိုယ်နှင့်အသွေးတော်ကို ဆန့်ကျင်၍ ပြစ်မှား
၏။ ၂၈ သို့ဖြစ်၍ လူတိုင်းသည် မုန့်ကို မစားမီ၊ ခွက်
ကိုလည်း မသောက်မီ မိမိစိတ်နှလုံးကို ကိုယ်တိုင်
စစ်ကြောရမည်။ ၂၉ လူတစ်ယောက်သည် ကိုယ်ခန္ဓာ
ကို ပိုင်းခြား၍မသိဘဲ မုန့်ကို စား၍ ခွက်ကိုလည်း
သောက်လျှင် ထိုသူသည် ထိုသို့ စားသောက်ခြင်း
အားဖြင့် တရားစီရင်ခြင်း အပြစ်ကို ခံထိုက်၏။ ၃၀ ထို
အကြောင်းကြောင့် သင်တို့တွင် ဖျားနာ၍ မကျန်း
မမာသောသူ၊ အားနည်းသောသူအများရှိကြ၏။
များစွာသော သူတို့သည်လည်း သေကြ၏။ ၃၁ သို့
သော်လည်း ငါတို့သည် ကိုယ့်ကိုယ်ကို ဖြောင့်
မတ်သောနည်းလမ်းဖြင့် စစ်ကြောစီရင်ကြလျှင် ဘုရား
သခင်သည် ငါတို့အား စစ်ကြောစီရင်မည် မဟုတ်။
၃၂ သို့သော်လည်း ဘုရားသခင်သည် ငါတို့ကို စစ်
ကြောစီရင်တော်မူသောအခါ ငါတို့အား ဖြောင့်မတ်
ခြင်းလမ်းကို ဖော်ပြရန် ငါတို့အား အပြစ်ပေးတော်
မူ၏။ ငါတို့သည် ဤလောက၌အခြားသောသူတို့
နှင့်အတူ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ်မည့်အ
ကြောင်း သူသည် ထိုသို့ပြုတော်မူ၏။
၃၃ ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမများတို့
သင်တို့သည် စားဖို့ရန် အတူတကွ စည်းဝေးကြ
သောအခါ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်
စောင့်လျှက်နေကြပါ။ ၃၄ လူတစ်ယောက်သည် အလွန်
ဆာမွတ်လျှင် ထိုလူသည် မိမိအိမ်၌ စားပါစေ။
သင်တို့သည် အတူတကွစည်းဝေးခြင်းအားဖြင့် သင်
တို့၏အပေါ်၌ ဘုရားသခင်၏ အပြစ်စီရင်ခြင်း မကျ
ရောက်မည်အကြောင်း ထိုသို့ ပြုကြပါ။ ငါသည် လာ
သောအခါ အခြားသောအကြောင်းအရာများတို့ကို
အဘယ်သို့ပြုမည့်အကြောင်း သင်တို့အား ငါပြော
မည်။

## သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဆုကျေးဇူးများ

**၁၂** ညီအစ်ကိုမောင်နှမများတို့ ယခုတွင် ငါ
သည် သင်တို့အား ဝိညာဉ်ဆုကျေးဇူးများ
အကြောင်းကို နားလည်စေရန် အလိုရှိ၏။ [၂] သင်တို့
သည် ယုံကြည်သူများဖြစ်မလာကြမီ သင်တို့ အ
သက်ရှင်ခဲ့သော အသက်တာများကို အောက်မေ့
ကြပါ။ သင်တို့သည် အသက်မရှိသော ရုပ်တုဆင်းတု
အရာများကို ကိုးကွယ်ကြရန် ကိုယ့်ကိုယ်ကို လွှမ်းမိုး
ခြင်းအခွင့်ကို ပြုကြ၏။ [၃] ထို့ကြောင့် "ယေရှုသည်
ကျိန်ဆဲခြင်းကို ခံထိုက်သည်"ဟု ဘုရားသခင်၏
ဝိညာဉ်တော်အားဖြင့် အဘယ်သူမျှ မပြောနိုင်သည်
ကိုလည်းကောင်း၊ "ယေရှုသည် သခင် ဖြစ်တော်မူ
သည်"ဟု သန့်ရှင်းသောဝိညာဉ်တော်၏ အကူအညီ
မပါဘဲ အဘယ်သူမျှ မပြောနိုင်သည်ကိုလည်းကောင်း
သင်တို့အား ငါပြော၏။

[၄] ကွဲပြားခြားနားသော ဝိညာဉ်ဆုကျေးဇူးအများ
ရှိ၏။ သို့သော်လည်း ထိုဆုကျေးဇူးများ အားလုံးတို့
မှာ သခင်တစ်ပါးတည်းအားဖြင့်သာ ဖြစ်ကြ၏။ [၅] ကွဲ
ပြားခြားနားသော အစေခံခြင်းနည်းလမ်းအများရှိ၏။
သို့သော်လည်း ထိုနည်းလမ်းများအားလုံးတို့မှာ
သခင်တစ်ပါးတည်းအားဖြင့်သာ ဖြစ်ကြ၏။ [၆] ဘုရား
သခင်သည် လူတို့အထဲ၌ အလုပ်လုပ်တော်မူသော
ကွဲပြားခြားနားသည့် နည်းလမ်းများစွာရှိ၏။ သို့သော်
လည်း ထိုနည်းလမ်းများအားလုံးတို့သည် သခင်
တစ်ပါးတည်းအားဖြင့်သာဖြစ်ကြ၏။ [၇] ဘုရားသခင်
သည် ခပ်သိမ်းသောအမှုတို့ကို ပြုတော်မူရန် ငါတို့
အားလုံးတို့အထဲ၌ အလုပ်လုပ်တော်မူ၏။ ဝိညာဉ်
တော်မှ တစ်စုံတစ်ရာကို လူတစ်ဦးတိုင်းတို့၏အထဲ
၌ မြင်နိုင်၏။ အခြားသောသူတို့ကို ကူညီမစရန်
ဝိညာဉ်တော်သည် ဤအရာကို လူတစ်ဦးစီတိုင်း
တို့၌ အပ်ပေးတော်မူ၏။ [၈] ဝိညာဉ်တော်သည် တစ်
ယောက်သောသူအား ပညာတရားဖြင့် ဟောပြော
နိုင်သော အစွမ်းသတ္တိကို ပေးတော်မူ၏။ ထိုဝိညာဉ်
တော်အားဖြင့် အခြားသောသူအား ထိုးထွင်းခြင်း
ဉာဏ်ဖြင့် တရားဟောပြောနိုင်သောအစွမ်းသတ္တိ
ပေးတော်မူ၏။ [၉] ထိုဝိညာဉ်တော်အားဖြင့် တစ်
ယောက်သောသူအား ယုံကြည်ခြင်းကို ပေးတော်မူ
၏။ ထိုဝိညာဉ်တော်အားဖြင့် အခြားသောသူအား
နိမိတ်လက္ခဏာများကိုပြုရန် တန်ခိုးကိုလည်းကောင်း၊
အခြားသောသူအား ပရောဖက်ပြုနိုင်သော အစွမ်း
သတ္တိကိုလည်းကောင်း၊ [၁၀] အခြားသောသူအားဝိညာဉ်
များအထဲ၌ ကောင်းသောဝိညာဉ်များနှင့် ဆိုးသော
ဝိညာဉ်များတို့ကို ကွဲပြားခြားနားစွာ သိနိုင်သော
အစွမ်းသတ္တိကိုလည်းကောင်း ပေးတော်မူ၏။ ထို
ဝိညာဉ်တော်သည် တစ်ယောက်သောသူအား ကွဲပြား
ခြားနားသော ဘာသာစကားတို့ကို ပြောနိုင်သော
အစွမ်းသတ္တိကိုလည်းကောင်း၊ အခြားသောသူအား
ထိုဘာသာစကားများတို့၏ အနက်အဓိပ္ပာယ်ကို ပြော
ပြနိုင်သော အစွမ်းသတ္တိကိုလည်းကောင်း ပေးတော်
မူ၏။ [၁၁] ဝိညာဉ်တော်တစ်ပါး၊ ထိုဝိညာဉ်တော်အား
ဖြင့်ပင် ဤအရာများအားလုံးတို့ကို ပြုတော်မူ၏။
ထိုဝိညာဉ်တော်သည် လူတစ်ယောက်စီတိုင်းတို့အား
အဘယ်အရာကို ပေးမည်အကြောင်း ဝေငှဆုံးဖြတ်
၍ စီရင်တော်မူ၏။

## ခရစ်တော်၏ကိုယ်ခန္ဓာ

[၁၂] လူတစ်ယောက်၏ ကိုယ်ခန္ဓာသည် တစ်ခု
တည်းဖြစ်၏။ သို့သော်လည်း အင်္ဂါအစိတ်အပိုင်း
များစွာရှိ၏။ မှန်ပါသည်။ ကိုယ်အင်္ဂါတစ်ခု၌ အင်္ဂါ
အစိတ်အပိုင်းအများရှိ၏။ သို့သော်လည်း ထိုအင်္ဂါ
အစိတ်အပိုင်းအားလုံးတို့သည် ကိုယ်ခန္ဓာတစ်ခု
တည်းရှိ၏။ ခရစ်တော်သည်လည်း ထိုနည်းတူပင်
ဖြစ်၏။ [၁၃] ငါတို့တွင် အချို့တို့သည် ဂျူးလူမျိုးများ
ဖြစ်ကြ၍ အချို့သောသူတို့မှာ ဂရိလူမျိုးများ *(ဂျူး
လူမျိုး မဟုတ်သော)* ဖြစ်ကြ၏။ ငါတို့တွင် အချို့
သည် ကျွန်ဖြစ်ကြ၍ အချို့သောသူတို့မှာ လူလွတ်
ဖြစ်ကြ၏။ သို့သော်လည်း ငါတို့အားလုံးသည် ဝိညာဉ်
တော်တစ်ပါးတည်းအားဖြင့် တစ်ကိုယ်တည်းထဲသို့
ဗတ္တိဇံကို ခံရကြ၏။ ထိုသို့ဖြင့် ငါတို့အားလုံးကို
ဝိညာဉ်တော်တစ်ပါးတည်းသာ ပေးတော်မူ၏။

[၁၄] လူတစ်ယောက်၏ ကိုယ်ခန္ဓာသည် အင်္ဂါ
အစိတ်အပိုင်းတစ်ခုထက် ပို၍များ၏။ ထိုအရာသည်
အင်္ဂါအစိတ်အပိုင်းအများရှိ၏။ [၁၅] ခြေက "ငါသည်
လက်မဟုတ်၊ ထို့ကြောင့် ငါသည် ကိုယ်ခန္ဓာနှင့်
မစပ်ဆိုင်"ဟု ပြောဆိုပေမည်။ သို့သော်လည်း ထို
သို့ပြောဆိုခြင်းက ခြေသည် ကိုယ်ခန္ဓာအစိတ်အပိုင်း
တစ်ခုအဖြစ်မှ သီးသန့်ဖြစ်မသွားစေနိုင်ပါ။ [၁၆] နား
ရွက်ကလည်း "ငါသည် မျက်စိမဟုတ်၊ ထို့ကြောင့်
ငါသည် ကိုယ်ခန္ဓာနှင့် စပ်ဆိုင်ခြင်းမရှိ"ဟု ဆိုနိုင်
ပေမည်။ သို့သော်လည်း ထိုသို့ပြောဆိုခြင်းသည်
နားရွက်အား ကိုယ်ခန္ဓာဖြစ်ခြင်းမှ သီးခြားထားပြီး
ဖြစ်၏။ [၁၇] ကိုယ်ခန္ဓာတစ်ခုလုံးသည် မျက်စိဖြစ်လျှင်
ကိုယ်ခန္ဓာသည်ကြားနိုင်ရန်တတ်စွမ်းနိုင်လိမ့်မည်
မဟုတ်။ ကိုယ်ခန္ဓာတစ်ခုလုံးသည် နားရွက်ဖြစ်
လျှင် ခန္ဓာကိုယ်သည် မည်သည့်အရာကိုမျှ အနံ့ခံ

နိုင်မည် မဟုတ်။ ၁၈-၁၉ ကိုယ်ခန္ဓာ၏အစိတ်အပိုင်း
တစ်ခုစီသည် တူညီသောအပိုင်းတစ်ခုသာဖြစ်လျှင်
ကိုယ်ခန္ဓာသည် သီးခြားခွဲခြားခြင်းမရှိ။ သို့သော်
လည်း အမှန်စင်စစ် ဘုရားသခင်သည် ကိုယ်ခန္ဓာ
၏အစိတ်အပိုင်းများကို သူအလိုရှိတော်မူသည့်
အတိုင်း ကိုယ်ခန္ဓာထဲသို့ ထည့်သွင်းတော်မူ၏။ သူ
သည် ထိုအစိတ်အပိုင်းတစ်ခုစီအား နေရာတစ်ခု
စီခွဲခန့်တော်မူ၏။ ၂၀ ထို့ကြောင့် ကိုယ်ခန္ဓာအစိတ်
အပိုင်းအများရှိ၏။ သို့သော်လည်း ကိုယ်ခန္ဓာတစ်
ခုတည်းသာရှိ၏။

၂၁ မျက်စိက လက်အား “ငါသည် သင့်ကို
အလိုမရှိ”ဟု မဆိုနိုင်။ ဦးခေါင်းကလည်း ခြေအား
“ငါသည် သင့်ကို အလိုမရှိ”ဟု မဆိုနိုင်။ ၂၂ ထိုသို့
မဆိုနိုင်ကြ။ ထိုကိုယ်ခန္ဓာ၌ ပို၍အားနည်းလျက်ရှိ
သော အစိတ်အပိုင်းများသည်လည်း အလွန်အရေး
ကြီးလျက် ရှိ၏။ ၂၃ ငါတို့သည် သာ၍တင့်တယ်ခြင်း
မရှိလှဟု ထင်ရသော ကိုယ်ခန္ဓာအစိတ်အပိုင်းများ
ကိုလည်း ငါတို့သည် ပို၍ ဂရုစိုက်စောင့်ရှောက်
ခြင်းကို ပေးရမည်။ ငါတို့သည် ဖော်ထုတ်ရန် အလို
မရှိလှသော ကိုယ်ခန္ဓာအစိတ်အပိုင်းများကို အထူး
ဂရုစိုက်၍ စောင့်ရှောက်ရ၏။ ၂၄ လှပတင့်တယ်
ခြင်းရှိသော ငါတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ
သည် ဤသို့အထူးဂရုစိုက်၍ စောင့်ရှောက်ခြင်းကို
မလိုအပ်လှပါ။ သို့သော်လည်း ဘုရားသခင်သည်
ကိုယ်ခန္ဓာကိုအတူတကွ ထားတော်မူသည်ဖြစ်၍
လိုအပ်လျက်ရှိသော အစိတ်အပိုင်းများတို့ကို ပို၍
ဂုဏ်ပြုချီးမွမ်းခြင်းကို ပေးရမည်။ ၂၅ ငါတို့၏ ကိုယ်
ခန္ဓာသည် အချင်းချင်းကွဲပြားခြားနားခြင်း မရှိစေ
ရန် ဘုရားသခင်သည် ဤသို့ပြုတော်မူ၏။ ဘုရား
သခင်သည် ကွဲပြားခြားနားသော ကိုယ်ခန္ဓာအစိတ်
အပိုင်းများကို အချင်းချင်းတစ်ခုချင်းစီတို့အား ညီ
တူညီမျှ ဂရုစိုက်စောင့်ရှောက်ခြင်းရှိရန် အလိုရှိတော်
မူ၏။ ၂၆ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုသည် ဆင်းရဲ
ဒုက္ခကို ခံရလျှင် အခြားသောအစိတ်ပိုင်းအားလုံး
တို့သည်လည်း သူနှင့်အတူ ခံရကြ၏။ သို့မဟုတ်
ငါတို့ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုသည် ဂုဏ်ပြု
ချီးမြှောက်ခြင်းကို ခံရလျှင် အခြားသော အစိတ်အပိုင်း
အားလုံးတို့သည်လည်း သူနှင့်အတူဂုဏ်ပြုချီးမြှောက်
ခြင်းကို ခံရလျက် ဝမ်းမြောက်ရကြ၏။

၂၇ သင်တို့အားလုံးသည် အတူတကွ ခရစ်တော်
၏ကိုယ်ခန္ဓာဖြစ်ကြ၏။ သင်တို့ တစ်ယောက်ချင်းစီ
တို့သည်လည်း ထိုကိုယ်ခန္ဓာ၏အစိတ်အပိုင်းတစ်ခု
စီဖြစ်ကြ၏။ ၂၈ ဘုရားသခင်သည် အသင်းတော်ထဲ
တွင် ပထမအရာ၌ တမန်တော်တို့ကိုလည်းကောင်း၊
ဒုတိယအရာ၌ ပရောဖက်တို့ကိုလည်းကောင်း၊
တတိယအရာ၌ ဆရာသမားတို့ကိုလည်းကောင်း
ခန့်ထားတော်မူ၏။ ထို့နောက် ဘုရားသခင်သည်
နိမိတ်လက္ခဏာကိုပြသောသူတို့ကိုလည်းကောင်း၊
အနာရောဂါကို ငြိမ်းစေနိုင်သော ဆုကျေးဇူးများ
ရှိသောသူတို့ကိုလည်းကောင်း၊ အခြားသောသူတို့
ကို ကူညီမစနိုင်သောသူတို့ကိုလည်းကောင်း၊ ဦး
ဆောင်လမ်းပြခြင်းကို ပြုနိုင်သောသူတို့ကိုလည်း
ကောင်း၊ ကွဲပြားခြားနားသောဘာသာစကားများကို
ပြောနိုင်သော သူတို့ကိုလည်းကောင်း ခန့်ထားတော်
မူ၏။ ၂၉ လူအားလုံးတို့သည် တမန်တော်များမဟုတ်
ကြ။ လူအားလုံးတို့သည် ပရောဖက်များမဟုတ်ကြ။
လူအားလုံးတို့သည် ဆရာသမားများ မဟုတ်ကြ။
လူအားလုံးတို့သည် နိမိတ်လက္ခဏာများကို မပြု
ကြ။ ၃၀ လူအားလုံးတို့သည် အနာရောဂါကို ငြိမ်းစေ
နိုင်သောဆုကျေးဇူးများ မရှိကြ။ လူအားလုံးတို့သည်
ကွဲပြားခြားနားသော ဘာသာစကားတို့ကို မပြော
ကြ။ လူအားလုံးတို့သည် ထိုဘာသာစကားများကို
အနက်အဓိပ္ပာယ်မဖွင့်ဆိုနိုင်ကြ။ ၃၁ သို့သော် လည်း
သင်တို့သည် သာ၍ကြီးမားသော ဝိညာဉ်တော်
ဆုကျေးဇူးများကို အမှန်စင်စစ်အလိုရှိကြ၏။

## ချစ်ခြင်းမေတ္တာသည် အမွန်မြတ်ဆုံး ဆုကျေးဇူးဖြစ်၏

၁၃ ယခုတွင် ငါသည် ထိုအရာအားလုံးတို့တွင်
တို့တွင် အမွန်မြတ်ဆုံးသောလမ်းကို သင်
တို့အားပြသွန်ပါမည်။ ငါသည် ကွဲပြားခြားနားသော
လူတို့၏ ဘာသာစကားများကိုသော်လည်းကောင်း၊
သို့မဟုတ် ကောင်းကင်တမန်များတို့၏ စကားကို
သော်လည်းကောင်း ပြောနိုင်ပေမည်။ သို့သော်လည်း
ငါ၌မေတ္တာမရှိလျှင် ငါသည်ဆူညံသောခေါင်းလောင်း
သို့မဟုတ် အသံမြည်သော တံပိုးခရာတစ်ခုမျှသာ
ဖြစ်၏။ ၂ ငါသည် ပရောဖက်ပြုနိုင်သော ဆုကျေးဇူး
ကို ရရှိနိုင်ပေမည်။ ငါသည် ဘုရားသခင်၏လျှို့
ဝှက်နက်နဲသောအရာအားလုံးတို့ကို နားလည်၍ ခပ်
သိမ်းသောအရာတို့ကို သိနိုင်ပေမည်။ ငါသည်
တောင်များကိုရွှေ့စေနိုင်သည့် အလွန်ကြီးမားသော
ယုံကြည်ခြင်းရှိနိုင်ပေမည်။ သို့သော်လည်း ငါ၌မေတ္တာ
မရှိလျှင် ထိုအရာများအားလုံးရှိသော်လည်း ငါသည်
ဘာမျှ မဟုတ်၊ အချည်းနှီးသာဖြစ်၏။ ၃ ငါသည် လူ

တို့ကို ကျွေးမွေးရန် ငါ၌ ရှိသမျှသောအရာအားလုံး
တို့ကို ပေးလှူနိုင်ပေမည်။ ငါသည် မီးရှို့ခြင်းကို ခံ
ရန် ငါ၏ကိုယ်ခန္ဓာကိုပင် ပေးလှူနိုင်ပေမည်။ သို့
သော်လည်း ငါ၌မေတ္တာမရှိလျှင် ထိုအရာများကို
ပြုခြင်းအားဖြင့် ငါ၌ ဘာမျှအကျိုးမရှိ။ အချည်းနှီး
သာဖြစ်၏။

၄ မေတ္တာသည် စိတ်ရှည်ခြင်းဖြစ်၏။ မေတ္တာ
သည် ကြင်နာခြင်း၊ ကျေးဇူးပြုခြင်းဖြစ်၏။ မေတ္တာ
သည် မနာလိုခြင်း၊ ဂုဏ်ပြိုင်ခြင်းမရှိ။ မေတ္တာသည်
ဝါကြွားခြင်းမရှိ။ မေတ္တာသည် မာန်မာနမရှိ။ ၅ မေတ္တာ
သည် ရိုင်းစိုင်းကြမ်းတမ်းခြင်းမရှိ။ မလျော်ကပတ်
စွာ မကျင့်တတ်။ မေတ္တာသည် အတ္တအကျိုးကို
မရှာတတ်။ မေတ္တာသည် လွယ်လင့်တကူစိတ်ဆိုး
ခြင်းမရှိ။ အမျက်ဒေါသမထွက်တတ်။ မေတ္တာသည်
သူ့ကို ဆန့်ကျင်ပြီးပြုခဲ့သောအမှားများကို အောက်
မေ့ခြင်းမရှိ။ အပြစ်ရှိသည်ဟု မထင်တတ်။ ၆ မေတ္တာ
သည် မတရားသောအမှု၊ ဆိုးသောအမှု၌ဝမ်းမြောက်
ခြင်းမရှိတတ်။ သို့သော်လည်း မေတ္တာသည် သမ္မာ
တရား၌ ဝမ်းမြောက်တတ်၏။ ၇ မေတ္တာသည် ခပ်
သိမ်းသောအရာကို စိတ်ရှည်စွာ လက်ခံ၍ ဖုံးအုပ်
တတ်၏။ မေတ္တာသည် အစဉ်အမြဲယုံကြည်ကိုးစား
တတ်၏။ အစဉ်အမြဲမျှော်လင့်တတ်၏။ အစဉ်မပြတ်
အားရှိတတ်၏။

၈ မေတ္တာသည် ဘယ်သောအခါမျှ မကုန်ဆုံး
တတ်။ ပရောဖက်ပြုခြင်း ဆုကျေးဇူးအများရှိ၏။
သို့သော်လည်း ထိုအရာတို့သည် ကုန်ဆုံး၍ ကွယ်
ပျောက်သွားကြလိမ့်မည်။ ကွဲပြားခြားနားသော ဘာ
သာစကားများကို ပြောနိုင်သော ဆုကျေးဇူးအများ
ရှိ၏။ သို့သော်လည်း ထိုဆုကျေးဇူးများတို့သည်
ကွယ်ပျောက်သွားကြလိမ့်မည်။ နက်နဲသောအရာ
တို့ကိုသိနိုင်သော ထိုးထွင်းခြင်း ဉာဏ်ပညာ ဆု
ကျေးဇူးရှိ၏။ သို့သော်လည်း ထိုအရာသည် ကွယ်
ပျောက်ကုန်ဆုံးခြင်းသို့ ရောက်လိမ့်မည်။ ၉ ဤ
အရာများတို့သည် ကွယ်ပျောက်ကုန်ဆုံးသွားကြ
လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ငါတို့ရှိသော
ဤဉာဏ်ပညာနှင့် ဤပရောဖက်ပြုခြင်းများမှာ
ပြည့်စုံခြင်း *(စုံလင်ခြင်း)* မရှိ။ ၁၀ သို့သော်လည်း စုံ
လင်ခြင်းသည်ရောက်လာသောအခါ မစုံလင်သော
အရာများသည် ကွယ်ပျောက်ကုန်ဆုံးလိမ့်မည်။
၁၁ ငါသည် သူငယ်ဖြစ်စဉ်အခါ ငါသည် သူငယ်ကဲ့
သို့ စကားပြော၏။ ငါသည် သူငယ်ကဲ့သို့ တွေး
ခေါ်၏။ ငါသည် သူငယ်ကဲ့သို့ ကြံစည်၏။ ငါသည်
အသက်ကြီးလာသောအခါ သူငယ်ကဲ့သို့သော
အမူအကျင့်များကို ငါစွန့်လွှတ်ပယ်ရှား၏။ ၁၂ ထို
အရာသည် ငါတို့နှင့်အတူဖြစ်၏။ ယခုတွင် ငါတို့
သည် မှောင်မည်းသောကြည့်မှန်၌ ကြည့်နေကြသ
ကဲ့သို့ဖြစ်၏။ သို့သော်လည်း ထိုအချိန် အနာဂတ်
ကာလ၌ ငါတို့သည် ရှင်းလင်းစွာမြင်ရကြလိမ့်မည်။
ယခုတွင် ငါသည် အစိတ်အပိုင်းတစ်ခုတည်းကို
သာ သိရ၏။ သို့သော်လည်း ထိုအချိန်၌ ဘုရား
သခင်သည် ငါ့ကို သိတော်မူသကဲ့သို့ ငါသည်
လည်း အပြည့်အဝသိရလိမ့်မည်။ ၁၃ ထို့ကြောင့်
ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းတည်းဟူ
သော ဤအရာသုံးပါးတို့သည် ဆက်လက်၍ တည်
ရှိကြ၏။ ဤအရာသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာ
သည် အကြီးမြတ်ဆုံးဖြစ်၏။

**အသင်းတော်အား ကူညီမစရန်**
**ဝိညာဉ်ဆုကျေးဇူးများကို သုံးပါ**

၁၄ ချစ်ခြင်းမေတ္တာသည် သင်တို့ ကြိုးစားရှာ
ရမည့်အရာဖြစ်၏။ သင်တို့သည် ဝိညာဉ်
ဆုကျေးဇူးများကိုလည်း အမှန်စင်စစ် အလိုရှိကြ
၏။ သင်တို့အလွန်အလိုရှိသော ဆုကျေးဇူးများမှာ
ပရောဖက်ပြုနိုင်သော ဆုကျေးဇူးပင်ဖြစ်၏။ ၂ အ
ဘယ်ကြောင့်ဖြစ်ရသည်ကို ငါရှင်းလင်းပါမည်။
ကွဲပြားခြားနားသော ဘာသာစကားကို ပြောနိုင်သော
ဆုကျေးဇူးကို ရရှိသောလူတစ်ယောက်သည် လူ
တို့အား ပြောသည် မဟုတ်။ သူသည် ဘုရားသခင်
ကို ပြော၏။ သူသည် ဝိညာဉ်တော်အားဖြင့် လျှို့
ဝှက်နက်နဲသောအရာများ ပြောဆိုနေသည်ကို မည်
သူ တစ်ဦးတစ်ယောက်ကမျှ နားလည်ခြင်းမရှိ။
၃ သို့သော်လည်း ပရောဖက်ပြုသော သူတစ်ယောက်
သည် လူတို့အား စကားပြော၏။ သူသည် လူတို့အား
ခွန်အားကို ပေး၏။ တိုက်တွန်းနှိုးဆော်ခြင်းနှင့်
နှစ်သိမ့်ခြင်းတို့ကို ပေး၏။ ၄ ကွဲပြားခြားနားသော
ဘာသာစကားအားဖြင့် ပြောသောသူသည် ကိုယ့်
ကိုယ်ကို ကူညီတည်ဆောက်၏။ သို့သော်လည်း
ပရောဖက်ပြုသောသူသည် အသင်းတော်တစ်ခုလုံး
အား ကူညီ၍ တည်ဆောက်စေ၏။ ၅ သင်တို့
အားလုံးသည် ကွဲပြားခြားနားသော ဘာသာစကား
များကို ပြောနိုင်သောဆုကျေးဇူးကို ရရှိကြရန် ငါ
အလိုရှိ၏။ သို့သော်လည်း သင်တို့အား ပိုမို၍ပရော
ဖက်ပြုစေရန် ငါအလိုရှိ၏။ ပရောဖက်ပြုသောသူ
သည် ကွဲပြားခြားနားသော ဘာသာစကားကို ပြော

သောသူထက် ပို၍ကြီးမြတ်၏။ သို့သော်လည်း ကွဲ
ပြားခြားနားသော ဘာသာစကားကို ပြောသောသူ
သည် ထိုဘာသာစကားများ၏ အနက် အဓိပ္ပာယ်ကို
ပြန်ဆိုနိုင်လျှင် ထိုသူသည် ပရောဖက်ပြုသောသူ
နှင့် အတူတူပင်ဖြစ်၏။ ထို့နောက် ထိုသူပြောဆို
သောအရာများအားဖြင့် အသင်းတော်သည် ကူညီ
ခြင်း၊ တည်ဆောက်ခြင်းကို ဖြစ်စေပါမည်။
၆ညီအစ်ကိုမောင်နှမများတို့ ငါသည် ကွဲပြား
ခြားနားသောဘာသာစကားများအားဖြင့် သင်တို့ဆီ
သို့လာ၍ ဟောပြောလျှင် သင်တို့အား ကူညီကာ
တည်ဆောက်ခြင်းဖြစ်စေပါမည်လော။ မဖြစ်စေပါ။
ငါသည် သင်တို့ဆီသို့ အသစ်သောသမ္မာတရား
သို့မဟုတ် အချို့သောဉာဏ်ပညာ၊ သို့မဟုတ် အချို့
သော ပရောဖက်ပြုခြင်း သို့မဟုတ် အချို့သောဆုံးမ
သွန်သင်ခြင်းစသည်တို့ကို ယူလာလျှင် သင်တို့
အား ကူညီမှုကို ပေး၍တည်ဆောက်စရာအချို့ကို
ပေးပါလိမ့်မည်။ ၇ ထိုအရာသည် ပုလွေ၊ သို့မဟုတ်
စောင်းကဲ့သို့သော မြည်သံကိုသာ ပေးတတ်သည့်
သက်မဲ့အရာဝတ္ထုပစ္စည်းများနှင့် တူ၏။ တေးဂီတ
သံသည် ရှင်းလင်းစွာ ထွက်ပေါ်လာခြင်းမရှိလျှင်
အဘယ်မည်သော သီချင်းသီဆိုနေသည်ကိုသင်တို့
နားလည်နိုင်ကြမည်မဟုတ်။ သင်တို့သည် တေး
သီချင်း၏ သံစဉ်ကို နားလည်နိုင်စေရန် ဂီတသံ
တိုင်းကိုရှင်းလင်းစွာ တီးခတ်ရပါမည်။ ၈ စစ်မြေပြင်
တွင် တံပိုးခရာသည် ရှင်းလင်းစွာ အသံမမြည်
လျှင် စစ်သားတို့သည် စစ်တိုက်ဖို့ရန် ပြင်ဆင်ရ
မည့်အချိန်ကို သိကြလိမ့်မည်မဟုတ်။ ၉ သင်တို့
သည်လည်း ထိုနည်းတူဖြစ်ကြ၏။ သင်တို့၏ လျှာ
ဖြင့် ပြောသောစကားသည် ရှင်းလင်းပြတ်သားရ
မည်။ သင်သည် ရှင်းလင်းပြတ်သားစွာ မပြောလျှင်
သင်သည် အဘယ်အရာပြောသည်ကို မည်သူ
တစ်ဦးတစ်ယောက်ကမျှ သိနိုင်မည် မဟုတ်။ သင်
သည် လေထဲ၌သာ စကားပြောခြင်းဖြစ်လိမ့်မည်။
၁၀ ဤလောက၌ များစွာသောဘာသာ စကားအမျိုး
မျိုးရှိသည်မှာ အမှန်ပင်ဖြစ်၏။ ထိုစကားအားလုံး
တို့တွင် အဓိပ္ပာယ်ရှိကြပါ၏။ ၁၁ ထို့ကြောင့် လူတစ်
ယောက်သည် ငါ့အားပြောသောစကား၏အဓိပ္ပာယ်
ကို ငါမသိလျှင် သူသည် ငါ့အား ရိုင်းသောစကားကို
ပြောသည်ဟု ငါထင်မှတ်၏။ ငါသည်လည်း ရိုင်း
သောစကားကို ပြောသည်ဟု ထင်မှတ်ပေမည်။
၁၂ထိုအရာသည် သင်တို့နှင့်လည်းအတူတူဖြစ်၏။
သင်တို့သည် ဝိညာဉ်ဆုကျေးဇူးများ အလွန်အလိုရှိ
ကြ၏။ ထို့ကြောင့် အသင်းတော်ကို ပို၍ ကြီးထွားစေ
ကာ အားရှိ၍ သန်မာစေရန် ကူညီမှုပေးသော ထို
အရာများကို ရရှိရန် အလွန်ကြိုးစားကြပါ။
၁၃ထို့ကြောင့် ကွဲပြားခြားနားသော ဘာသာစကား
ကိုပြောနိုင်သော ဆုကျေးဇူးကိုရသည့် သူသည် သူ
ပြောသည့်အရာများတို့ကို အဓိပ္ပာယ်ပြန်ဆိုနိုင်ရန်
ဆုတောင်းစေ။ ၁၄ ငါသည် ကွဲပြားခြားနားသော
ဘာသာစကားအားဖြင့် ဆုတောင်းလျှင် ငါ၏ဝိညာဉ်
သည် ဆုတောင်းလျက်နေ၏။ သို့သော်လည်း ငါ၏
စိတ်နှလုံးသည် မည်သည့်အမှုကိုမျှမပြု။ ၁၅ ထို့ကြောင့်
ငါသည် အဘယ်သို့ပြုရပါမည်နည်း။ ငါသည် ငါ့
ဝိညာဉ်အားဖြင့် ဆုတောင်းရပါလိမ့်မည်။ သို့သော်
လည်း ငါသည် ငါ့စိတ်နှလုံးအားဖြင့်လည်းဆုတောင်း
ရပါလိမ့်မည်။ ငါသည် ငါ့ဝိညာဉ်အားဖြင့် သီချင်း
ဆိုပါလိမ့်မည်။ သို့သော်လည်း ငါသည် ငါ့စိတ်နှလုံး
အားဖြင့်လည်း သီချင်းဆိုပါလိမ့်မည်။ ၁၆ သင်တို့
သည် ဘုရားသခင်ကို သင်တို့၏စိတ်ဝိညာဉ်အား
ဖြင့် ချီးမွမ်းရပါမည်။ သို့သော်လည်း သင်တို့သည်
ဆုတောင်းခြင်းအားဖြင့် ကျေးဇူးတော်ကို ချီးမွမ်း
သောအခါ လူတစ်ယောက်သည် နားလည်ခြင်း မရှိ
ဘဲ "အာမင်" *(ပြည့်စုံပါစေ)*ဟူ၍ မပြောနိုင်။ အဘယ်
ကြောင့်ဆိုသော် သင်သည် အဘယ်သို့ပြောသည်
ကို သူသည် မသိသောကြောင့်ဖြစ်၏။ ၁၇ သင်သည်
ဘုရားသခင်၏ ကျေးဇူးတော်ကို ကောင်းမွန်စွာ
ချီးမွမ်းပေမည်။ သို့သော်လည်း အခြားသောသူ၌
တည်ဆောက်ခြင်းအကျိုးမရှိ။
၁၈ ကွဲပြားခြားနားသော ဘာသာစကားများဖြင့်
ပြောသော ငါ၏ဆုကျေးဇူးသည် သင်တို့ရှိသမျှထက်
သာသောကြောင့် ငါသည် ဘုရားသခင်၏ ကျေးဇူး
တော်ကို ချီးမွမ်း၏။ ၁၉ သို့သော်လည်း အသင်း
တော်၏ အစည်းအဝေးများ၌ ကွဲပြားခြား နားသောဘာ
သာစကား၊ ထောင်ပေါင်းများစွာသော စကားလုံး
ဖြင့် ပြောခြင်းထက် ငါနားလည်သောစကား ငါး
ခွန်းဖြင့် ပြောခြင်းကို ငါအလိုရှိ၏။ ငါသည် အခြား
သောသူတို့ကို သွန်သင်နိုင်ရန် ငါနားလည်သော
စကားဖြင့် ပြောခြင်းကို သာ၍ငါအလိုရှိ၏။
၂၀ ညီအစ်ကိုမောင်နှမများတို့ ကလေးသူငယ်
များကဲ့သို့ တွေးခေါ်ခြင်း မရှိကြနှင့်။ ဆိုးသောအမှု
များ၌ နို့စို့သူငယ်ကဲ့သို့ဖြစ်ကြပါ။ သို့သော်လည်း
သင်တို့၏အတွေးအခေါ်၌ သင်တို့သည် အသက်
အရွယ်ကြီးသောသူကဲ့သို့ဖြစ်ကြပါ။ ၂၁ ကျမ်းစာ၌ ဤ
သို့ဆိုထား၏။

“ထိုလူမျိုးတို့၏ကွဲပြားခြားနားသော
ဘာသာစကားများကို
အသုံးပြု၍လည်းကောင်း၊
အခြားတပါးသောလူမျိုးတို့၏နှုတ်များကို
အသုံးပြု၍သော်လည်းကောင်း
ဤလူမျိုးတို့အား ငါပြောဆိုလိမ့်မည်။
သို့သော်လည်း ဤလူမျိုးတို့သည်
ငါ့စကားကို နားထောင်ကြလိမ့်မည် မဟုတ်”

*ဟေရှာယ ၂၈း၁၁-၁၂*

ဟု ထာဝရဘုရားမိန့်တော်မူ၏။
၂၂ ထို့ကြောင့် ကွဲပြားခြားနားသော ဘာသာ
စကားများအားဖြင့် ပြောခြင်းသည် မယုံကြည်သော
သူတို့အား သက်သေဖြစ်၍ ယုံကြည်သောသူတို့အ
တွက် မဟုတ်။ ပရောဖက်ပြုခြင်းသည် ယုံကြည်
သော သူတို့အတွက်ဖြစ်၍ မယုံကြည်သောသူတို့
အတွက် မဟုတ်ပါ။ ၂၃ အသင်းတော်တစ်ခုလုံး
သည် အတူတကွစည်းဝေးကြ၍ သင်တို့အားလုံး
သည်လည်း ကွဲပြားခြားနားသော ဘာသာစကားဖြင့်
ပြောကြသည်ဆိုပါစို့။ အချို့သောသူတို့သည် နား
လည်ခြင်းမရှိဘဲ သို့မဟုတ် မယုံကြည်ဘဲ ဝင်လာ
သည်ရှိသော် သင်တို့အား ရူးသွပ်သောသူများဖြစ်
ကြသည်ဟု ထိုသူတို့သည် ပြောကြလိမ့်မည်။ ၂၄ သို့
သော်လည်း သင်တို့အားလုံးသည် ပရောဖက်ပြုကြ
သည်ဆိုပါစို့။ မယုံသောသူတစ်ယောက် ဝင်လာ
သည် သို့မဟုတ် နားလည်ခြင်းမရှိသောသူ တစ်
ယောက်ဝင်လာပြီး သင်တို့ အားလုံးသည် ပရော
ဖက်ပြုကြသည်ဖြစ်သောကြောင့် ထိုသူ၏အပြစ်ကို
သူ့အား ထင်ရှားစေခြင်း၊ ဖော်ပြခြင်း ရှိလိမ့်မည်။
သူသည်လည်း သင်တို့ပြောသမျှအရာများအားဖြင့်
စစ်ကြောစီရင်ခြင်းကို ခံရလိမ့်မည်။ ၂၅ ထိုသူ၏စိတ်
နှလုံးထဲ၌ရှိသည့် လျှို့ဝှက်ထားသောအရာများတို့
သည် ထင်ရှားလာပါလိမ့်မည်။ ထို့ကြောင့် ထိုသူ
သည် ပြပ်ဝပ်လျက် ဘုရားသခင်ကို ကိုးကွယ်လိမ့်
မည်။ “အမှန်စင်စစ် ဘုရားသခင်သည် သင်တို့နှင့်
အတူရှိတော်မူသည်”ဟု ထိုသူသည် သက်သေခံ
လိမ့်မည်။

**သင်တို့စည်းဝေးခြင်းများသည် အသင်းတော်ကို ကူညီမစရမည်**

၂၆ ထို့ကြောင့် ညီအစ်ကိုမောင်နှမများတို့ သင်
တို့သည် အဘယ်သို့ပြုရမည်နည်း။ သင်တို့သည်
အတူတကွ စည်းဝေးကြသောအခါ တစ်ယောက်
သောသူသည် သီချင်းဆိုမည်။ တစ်ယောက်သော
သူသည် ဆုံးမသွန်သင်ခြင်းကို ပေးမည်။ အခြား
သောသူသည် ဘုရားသခင်ထံမှ အသစ်သော သမ္မာ
တရားကို ရမည်။ အခြားသောသူသည် ကွဲပြားခြား
နားသော ဘာသာစကားဖြင့် ပြောမည်။ အခြားသော
သူသည် ထိုဘာသာစကား၏အနက်အဓိပ္ပာယ်ကို
ပြန်ဆိုမည်။ ဤအရာများအားလုံးတို့၏ရည်ရွယ်ချက်
မှာ အသင်းတော်အား ကြီးထွား၍ အားရှိစေရန်
ကူညီမစခြင်းသာဖြစ်၏။ ၂၇ သင်တို့သည် အတူတကွ
စည်းဝေးကြသောအခါ မည်သူမဆို လူအုပ်စုအား
ကွဲပြားခြားနားသော ဘာသာစကားဖြင့် ပြောလျှင်
နှစ်ယောက်သို့မဟုတ် သုံးယောက်ထက် မပိုဘဲ
ပြောကြစေ။ ထိုသူတို့သည်လည်း တစ်ယောက်နောက်
တစ်ယောက်ပြောကြစေ။ သူတို့သည် အဘယ်အရာ
ကိုပြောဆိုသည်အကြောင်း အခြားသောသူက အနက်
အဓိပ္ပာယ်ကို ပြန်စေ။ ၂၈ သို့သော်လည်း ထိုနေရာ၌
အနက်အဓိပ္ပာယ်ကိုပြန်ဆိုသောသူ မရှိလျှင် မည်သူ
မဆို ကွဲပြားခြားနားသော ဘာသာစကားဖြင့် ပြော
သောသူသည် အသင်းတော်၏အစည်းအဝေး၌ တိတ်
ဆိတ်စွာနေစေ။ ထိုသူသည် မိမိအားလည်းကောင်း၊
ဘုရားသခင်အားလည်းကောင်း ပြောစေ။
၂၉ ပရောဖက်နှစ်ဦး သို့မဟုတ် သုံးဦးသာလျှင်
ဟောပြောရမည်။ အခြားသောသူတို့သည် သူတို့
အဘယ်သို့ ဟောပြောသည်ကို စစ်ကြောစီရင်ကြ
စေ။ ၃၀ ဘုရားသခင်ထံမှ သတင်းစကားသည်
ထိုင်လျက်နေသော အခြားသောသူထံသို့ ရောက်
လာလျှင် အရင်ပထမ ဟောပြောသောသူသည်
တိတ်ဆိတ်စွာ နားနေစေ။ ၃၁ သင်တို့အားလုံးသည်
တစ်ယောက် နောက်တစ်ယောက် ပရောဖက်ပြု
နိုင်၏။ ထိုနည်းအားဖြင့် လူအားလုံးတို့သည်
သွန်သင်ဆုံးမခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းကို ခံ
ရကြမည်။ ၃၂ ပရောဖက်များတို့၏ စိတ်ဝိညာဉ်များ
သည်လည်း ထိုပရောဖက်များကိုယ်တိုင် ထိန်းချုပ်
မှုအောက်၌ ရှိကြ၏။ ၃၃ ဘုရားသခင်သည် ရှုတ်
ထွေးခြင်းအမှု၊ ရုန်းရင်းခတ်သောအမှုကို ဖြစ်စေ
သော ဘုရားမဟုတ်။ ငြိမ်သက်ခြင်းကို ပေးတော်မူ
သော ဘုရားဖြစ်၏။
၃၄ မိန်းမများတို့သည် အသင်းတော်၏အစည်း
အဝေးများ၌ တိတ်ဆိတ်စွာ နေကြစေ။ ထိုအရာ
သည် ဘုရားသခင့်လူတို့၏အသင်းတော်များအား
လုံး၌ အတူတူဖြစ်၏။ မိန်းမများတို့အား ဟောပြော
ရန် အခွင့်မပေး။ မောရှေ၏ ပညတ်တရားတွင်
စီရင်သည့်အတိုင်း သူတို့သည် ထိန်းချုပ်မှုအောက်

၌ ရှိနေကြရမည်။ ၃၅ မိန်းမတို့ သိလိုသောအရာ
တစ်စုံတစ်ခုရှိလျှင် အိမ်၌မိမိတို့၏လင်ယောကျ်ား
တို့ကိုမေးမြန်းကြစေ။ အသင်းတော်၏အစည်းအဝေး
၌ ဟောပြောခြင်းသည် မိန်းမတစ်ဦးအတွက် ရှက်
ဖွယ်သောအရာဖြစ်၏။ ၃၆ ဘုရားသခင်၏သွန်သင်
ခြင်း နှုတ်ကပတ်တရားတော်သည် သင်တို့ထံမှ
ထွက်လာသလား။ ထွက်မလာပါ။ သို့မဟုတ် သင်တို့
သည်သာလျှင်ထိုနှုတ်ကပတ်တရားတော်ကို လက်ခံ
သောသူများဖြစ်ကြပါလား။ မဖြစ်ကြပါ။

၃၇ မည်သူမဆို သူသည် ပရောဖက်တစ်ပါးဖြစ်
၏။ သို့မဟုတ် သူ၌ ဝိညာဉ်ဆုကျေးဇူးတစ်ပါးရှိ
သည်ဟု ထင်မှတ်လျှင် ငါသည် သင်တို့အား ရေး၍
ပေးသောစာသည် ဘုရားသခင်မိန့်တော်မူသော
အရာဖြစ်ကြောင်းကို ထိုသူသည် နားလည်ရပါမည်။
၃၈ ထိုသူသည် ဤအရာကို မသိလျှင် သူသည် ဘုရား
သခင်သိတော်မူသော သူမဟုတ်။

၃၉ ထို့ကြောင့် ငါ၏ညီအစ်ကိုမောင်နှမများတို့
အမှန်စင်စစ် သင်တို့သည် ပရောဖက်ပြုခြင်းကို
အလွန်အလိုရှိကြ၏။ လူတို့အား ကွဲပြားခြားနားသော
ဘာသာစကားများကို ဟောပြောခြင်းအမှုတို့ကို
လည်း မတားမြစ်ကြနှင့်။ ၄၀ သို့သော်လည်း ခပ်
သိမ်းသောအမှုအရာတို့သည် ဖြောင့်မတ်မှန်ကန်
စွာ စနစ်တကျအစဉ် အတိုင်း ပြုရပါမည်။

## ခရစ်တော်အကြောင်းဝမ်းမြောက်စရာ သတင်းကောင်း

၁၅ ညီအစ်ကိုမောင်နှမများတို့ ယခုတွင်သင်
တို့အား ငါဟောပြောသော ဝမ်းမြောက်
စရာသတင်းကောင်းအကြောင်းကို အောက်မေ့ကြ
ရန် ငါအလိုရှိ၏။ သင်တို့သည် ဤသတင်းစကား
ကိုလက်ခံကြ၏။ သင်တို့သည် ထိုတရားထဲ၌လည်း
ဆက်လက်အား ကြီးကြ၏။ ၂ သင်တို့သည် ဤ
သတင်းစကားအားဖြင့် ကယ်တင်တော်မူခြင်းသို့
ရောက်ကြ၏။ သို့သော်လည်း သင်တို့အား ငါဟော
ပြောသောအရာများကို သင်တို့ဆက်လက်ယုံကြည်
ကြရမည်။ သင်တို့သည် ထိုသို့မပြုပါက သင်တို့
သည် ဘာမျှမဟုတ်သော အချည်းနှီးအတွက်သာ
ယုံကြည်ကြ၏။

၃ ငါခံယူရသော သတင်းစကားကို သင်တို့အား
ငါပေး၏။ ငါသည် သင်တို့အား အရေးကြီးဆုံး
အရာများကို ဟောပြော၏။ ထိုအရာမှာ ကျမ်းစာလာ
သည်အတိုင်း ခရစ်တော်သည် ငါတို့အပြစ်ကြောင့်
အသေခံတော်မူ၏။ ၄ ခရစ်တော်သည် သင်္ဂြိုဟ်ပြီးမှ
ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့
၌ ရှင်ပြန်ထမြောက်တော်မူ၏။ ၅ ခရစ်တော်ကိုယ်
တော်တိုင် ပေတရုထံသို့ ထင်ရှားတော်မူ၏။ ထို့
နောက် တမန်တော်တစ်ဆယ့်နှစ်ပါးတို့သည် အတူ
တကွမြင်ရကြ၏။ ၆ ထို့နောက် ခရစ်တော်သည်
တစ်ချိန်တည်းမှာပင် ငါးရာထက်များသော ညီ
အစ်ကိုများထံသို့ ကိုယ်တိုင်ထင်ရှားပြတော်မူ၏။
ထိုညီအစ်ကိုများတို့တွင် အများစုတို့သည် ယခု
တိုင်အောင် အသက်ရှင်ကြသေး၏။ သို့သော်လည်း
အချို့တို့မှာ သေလွန်ကြပြီဖြစ်၏။ ၇ ထို့နောက် ခရစ်
တော်သည် ကိုယ်တော်တိုင် ယာကုပ်အား ထင်ရှား
ပြ၏။ ထို့နောက်တွင် တမန်တော်များအားလုံးတို့
အား တစ်ဖန်ပြန်၍ထင်ရှားပြတော်မူ၏။ ၈ နောက်ဆုံး
၌ ခရစ်တော်သည် ကိုယ်တော်တိုင် ငါ့အား ထင်ရှား
ပြတော်မူ၏။ ငါသည် အချိန်မတန်ဘဲ မွေးသော
သူငယ်တစ်ယောက်ကဲ့သို့ ခြားနားလျက်ရှိ၏။ ၉ အ
ခြားသောတမန်တောအားလုံးတို့သည် ငါ့ထက်သာ
၍ကြီးမြတ်ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ ငါသည် ဘုရား
သခင်၏ အသင်းတော်ကို ညှဉ်းဆဲသောကြောင့်
ဖြစ်၏။ ထိုအကြောင်းကြောင့် ငါသည် တမန်တော်
တစ်ပါးဖြစ်ခြင်းငှာ ထိုက်တန်ခြင်းမရှိ။ ၁၀ သို့သော်
လည်း ဘုရားသခင်၏ကျေးဇူးတော် *(လက်ဆောင်)*
ကြောင့် ငါသည် ထင်ရှားခြင်းရှိ၏။ သူ၏ကျေးဇူး
တော်ကြောင့် သူသည် ငါ့အားပေးသောအရာမှာ
အကျိုးမဲ့ခံရသည်မဟုတ်။ ငါသည် အခြားသော
တမန်တော်များအားလုံးတို့ထက် သာ၍ကြိုးစား၏။
(သို့သော်လည်း ငါသည်အမှန်စင်စစ် အလုပ်လုပ်
သောသူ မဟုတ်ပါ။ ငါနှင့်အတူရှိတော်မူသော
ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာဖြစ်၏)။
၁၁ ထို့ကြောင့် ငါသည် သင်တို့အား ဟောပြောသော်
လည်းကောင်း၊ သို့မဟုတ် အခြားသောတမန်တော်
များသည်သင်တို့အားဟောပြောသော်လည်းကောင်း
ထိုအရာတို့မှာ အရေးကြီးသည်မဟုတ်။ ငါတို့ အားလုံး
တို့သည် တူညီသောအကြောင်းအရာကိုသာ ဟော
ပြောကြ၏။ ထိုအရာမှာ သင်တို့ယုံကြည်သောအရာ
ပင်ဖြစ်၏။

## ငါတို့သည်လည်း သေခြင်းမှ ထမြောက် လိမ့်မည်

၁၂ ခရစ်တော်သည် သေခြင်းမှ ထမြောက်တော်
မူကြောင်းကို ဟောပြောရ၏။ ထို့ကြောင့် သင်တို့ ၌
အချို့သောသူတို့က လူတို့သည် သေခြင်းမှ ထ
မြောက်ကြလိမ့်မည်မဟုတ်ဟု အဘယ်ကြောင့်

ဆိုကြသနည်း။ ၁၃ လူတို့သည် သေခြင်းမှ ထမြောက်
ခြင်း ဘယ်သောအခါမှ မရှိလျှင် ခရစ်တော်သည်
လည်းသေခြင်းမှထမြောက်တော်မမူ။ ၁၄ ခရစ်တော်
သည် ဘယ်သောအခါမျှ သေခြင်းမှ ထမြောက်
တော်မူခြင်းမရှိလျှင် ငါတို့၏ ဟောပြောခြင်းသည်
လည်း အကျိုးမရှိ။ အချည်းနှီးသာဖြစ်၏။ ၁၅ ငါတို့
သည်လည်းဘုရားသခင်၏အကြောင်းကိုလိမ်ညာပြီး
ဟောပြောရသော အပြစ်ရှိ၏။ အဘယ်ကြောင့်ဆို
သော် သူသည် ခရစ်တော်ကို သေခြင်းမှ ထမြောက်
စေတော်မူ၏ဟူ၍ ဘုရားသခင်အကြောင်း ဟော
ပြောကြ၏။ ၁၆ လူတို့သည် သေခြင်းမှ ရှင်ပြန်ထ
မြောက်ခြင်းမရှိခဲ့လျှင်ဘုရားသခင်သည်လည်း ခရစ်
တော်အားလည်း သေခြင်းမှ ထမြောက်စေတော်
မမူ။ ၁၇ သေလွန်သော သူတို့သည် ထမြောက်ခြင်း
မရှိခဲ့လျှင် ခရစ်တော်သည်လည်း ထမြောက်တော်
မူမည် မဟုတ်။ ခရစ်တော်သည်သေခြင်းမှထမြောက်
တော်မမူလျှင် သင်တို့၏ယုံကြည်ခြင်းသည်လည်း
အကျိုးမရှိ။ အချည်းနှီးသာဖြစ်၏။ ၁၈ သင်တို့သည်
လည်း မိမိတို့၏အပြစ်ဒုစရိုက်အောက်၌သာ ရှိသေး
၏။ ခရစ်တော်၌ သေလွန်သော သူတို့သည်လည်း
ဆုံးရှုံးခြင်းသို့ ရောက်ကြ၏။ ၁၉ ခရစ်တော်၌ ငါတို့၏
ယုံကြည်ခြင်းသည် မြေကြီးပေါ်၌ရှိသော ယခုဘဝ
အတွက်သာဖြစ်လျှင် လူတို့သည် အခြားသောသူ
ရှိသမျှတို့ထက် ငါ့တို့အပေါ်၌ ဝမ်းနည်းခြင်း ပို၍
ခံစားရကြမည်။

၂၀ သို့သော်လည်း ခရစ်တော်သည် အမှန်စင်
စစ် သေခြင်းမှ ထမြောက်တော်မူပြီးဖြစ်၍ ယုံကြည်
၍အိပ်ပျော်သောသူများအားလုံးတို့အထဲတွင် အဦး
သီးသော အသီးဖြစ်တော်မူ၏။ ၂၁ သေခြင်းသည် လူ
တို့၌ ဖြစ်ပျက်လျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော်
တစ်ယောက်သောသူ *(အာဒံ)*ပြုခဲ့သောအပြစ်ကြောင့်
ဖြစ်၏။ သို့သော်လည်း တစ်ယောက်သောသူ *(ခရစ်
တော်)*ကြောင့် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း
လည်းဖြစ်ပျက်တော်မူ၏။ ၂၂ ငါတို့ အားလုံးသည်
အာဒံ၌ သေကြ၏။ ထိုနည်းတူ ငါတို့အားလုံးသည်
ခရစ်တော်၌ ပြန်လည်၍ အသက်ရှင်ခြင်းအခွင့်ကို
ရကြလိမ့်မည်။ ၂၃ သို့သော်လည်း လူတိုင်းတို့သည်
ဖြောင့်မတ်မှန်ကန်သော အစီအစဉ်အတိုင်းထမြောက်
ကြလိမ့်မည်။ ရှင်ပြန်ထမြောက်သောသူတို့တွင် ခရစ်
တော်သည် အဦးထမြောက်သောသူဖြစ်၏။ ထို့နောက်
ခရစ်တော်သည် တစ်ဖန်ကြွလာသောအခါ ခရစ်တော်
နှင့်စပ်ဆိုင်သောသူရှိသမျှတို့သည် အသက်ရှင်ခြင်း
သို့ ထမြောက်ကြလိမ့်မည်။ ၂၄ ထို့နောက် အဆုံး
သည် ရောက်လာလိမ့်မည်။ ခရစ်တော်သည် အုပ်စိုး
သောသူများအားလုံး၊ အာဏာတန်ခိုးများနှင့် တန်ခိုး
တော်များရှိသမျှကို ဖျက်ဆီးစေလိမ့်မည်။ ထိုနောက်
မှ ခရစ်တော်သည် ခမည်းတော်ဘုရားအား နိုင်ငံ
တော်ကို ပြန်လည်၍ အပ်နှင်းတော်မူလိမ့်မည်။
၂၅ ဘုရားသခင်သည် ရန်သူများအားလုံးကို ခရစ်
တော်၏ထိန်းချုပ်မှုအောက်၌ ချထားတော်မမူမီ
တိုင်အောင် ခရစ်တော်သည် အုပ်စိုးတော်မူရမည်။
၂၆ နောက်ဆုံးရန်သူဖြစ်သော သေမင်းသည်လည်း
ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလိမ့်မည်။ ၂၇ ကျမ်းစာ
၌လာသည်မှာ “ဘုရားသခင်သည် ခပ်သိမ်းသော
အရာတို့ကို မိမိ၏ ထိန်းချုပ်မှုအောက်၌ ချထား
တော်မူမည်” “ခပ်သိမ်းသောအရာတို့ကို ”သူ
(ခရစ်တော်)၏ အောက်၌ ချထားတော်မူမည်ဟု
ဆိုရာတွင် ဘုရားသခင်ကိုယ်တော်တိုင်သည် မပါ
ဝင်သည်မှာ ထင်ရှားပါသည်။ ဘုရားသခင်သည်
အရာခပ်သိမ်းတို့ကို ခရစ်တော်၏ထိန်းချုပ်မှုအောက်
၌ ချထားတော်မူသောသူပင်ဖြစ်၏။ ၂၈ ခပ်သိမ်း
သောအရာတို့ကို ခရစ်တော်၏အောက်၌ ချထား
တော်မူပြီးမှ သားတော် *(ခရစ်တော်)*သည် ကိုယ့်
ကိုယ်ကို ဘုရားသခင်အောက်၌ ချထားတော်မူလိမ့်
မည်။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့
ကို ခရစ်တော်၏ အောက်၌ချထားတော်မူသောသူ
ဖြစ်၏။ ခရစ် တော်သည် ဘုရားသခင်၏ အောက်၌
ချထားတော်မူလိမ့်မည်။ သို့ဖြစ်၍ ဘုရားသခင်သည်
အရာခပ်သိမ်းတို့အပေါ်၌ ပြည့်ဝစုံလင်စွာ အုပ်စိုး
တော်မူသောသူဖြစ်ပေလိမ့်မည်။

၂၉ လူတို့သည်သေခြင်းမှထမြောက်ခြင်းအလျင်း
မရှိခဲ့လျှင် သေလွန်သော သူတို့အတွက် ကိုယ်စား
ဗတ္တိဇံကို ခံသောသူတို့သည် အဘယ်သို့ပြုရလိမ့်
မည်နည်း။ သေလွန်သောသူတို့သည် ဘယ်သော
အခါမှထမြောက်ခြင်းမရှိခဲ့လျှင်လူတို့သည်အဘယ်
ကြောင့် ထိုသူတို့အတွက် ကိုယ်စားဗတ္တိဇံကို ခံရ
ကြသနည်း။

၃၀ ငါတို့သည်လည်း အဘယ်သို့ဖြစ်ကြသနည်း။
ငါတို့သည် အဘယ်ကြောင့် ကိုယ့်ကိုယ်ကို ဘေး
အန္တရာယ်နှင့် အချိန်နာရီတိုင်း၌ တွေ့ရကြသနည်း။
၃၁ ငါသည် နေ့တိုင်း အသေခံရ၏။ ညီအစ်ကိုများတို့
ထိုအရာသည် မှန်ပါ၏။ ထိုနည်းတူ ငါတို့သခင်
ခရစ်တော်ယေရှု၌ သင်တို့အတွက်ကြောင့် ငါသည်
ဝါကြွားဝမ်းမြောက်ခြင်းရှိ၏။ ၃၂ ငါသည် လူတို့၏

ဆင်ခြင်တုံတရားကြောင့်သာလျှင်လည်းကောင်း၊
ငါ၏ဂုဏ်ယူဝင့်ကြွားခြင်းကို တွေ့ထိစေရန်သော်
လည်းကောင်း၊ ဖေဖက်မြို့၌ရှိသည့် ရိုင်းသောသားရဲ
တိရစ္ဆာန်များတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ခြင်းဖြစ်
လျှင် ငါ၌ဘာမျှအကျိုးမရှိ။ အချည်းနှီးသာဖြစ်၏။
လူတို့သည် သေခြင်းမှ ထမြောက်ခြင်းမရှိခဲ့လျှင်
“ငါတို့သည် စားကြသောက်ကြစို့၊ အဘယ်ကြောင့်
ဆိုသော် ငါတို့သည် နက်ဖြန်နေ့၌ သေရကြမည်”။
၃၃ အသိဉာဏ်မမဲ့ကြနှင့်။ “ဆိုးသောမိတ်ဆွေများ
ကြောင့် ကောင်းသောအကျင့်စရိုက်များ ပျက်စီးယို
ယွင်းသွားလိမ့်မည်”။ ၃၄ သင်တို့၏ ဖြောင့်မတ်
ခြင်းလမ်းကို ဆင်ခြင်၍ ပြန်လာကြပါ။ အပြစ်ဒုစ
ရိုက်ပြုခြင်းကို ရပ်၍ စွန့်လွှတ်ကြပါ။ သင်တို့တွင်
အချို့သောသူတို့သည် ဘုရားသခင်ကို မသိကြ။
သင်တို့ ရှက်ကြောက်စေရန် ဤအရာကို ငါပြော၏။

**အဘယ်သို့သော ကိုယ်ခန္ဓာမျိုးကို ငါတို့ရရှိလိမ့်မည်နည်း**

၃၅ သို့သော်လည်း “သေလွန်သောသူတို့သည်
အဘယ်သို့ ထမြောက်ကြမည်နည်း။ အဘယ်သို့
သော ကိုယ်ခန္ဓာမျိုးကို သူတို့ရရှိလိမ့်မည်နည်း”ဟု
တစ်စုံတစ်ယောက်သောသူသည် မေးလိမ့်မည်။
၃၆ ထိုအရာမှာ မိုက်မဲသော မေးခွန်းများဖြစ်၏။ သင်
တို့သည် တစ်စုံတစ်ခုကို စိုက်ပျိုးသောအခါ ထို
မျိုးစေ့သည် ရှင်သန်၍ ကြီးထွားမလာမီ မြေ၌သေ
ရမည်။ ၃၇ သင်တို့သည် တစ်စုံတစ်ခုကို စိုက်ပျိုး
သောအခါ သင်တို့စိုက်ပျိုးသောအရာသည် တူညီ
သော နဂိုမူလကိုယ်ခန္ဓာမရှိ။ ထိုအရာမှာ နောက်
မှ ဖြစ်လာမည့်အရာဖြစ်၏။ သင်တို့စိုက်ပျိုးသော
အရာမှာ မျိုးစေ့သာလျှင်ဖြစ်၏။ ဂျုံစပါး သို့မဟုတ်
တစ်စုံတစ်ရာသော စပါးဖြစ်နိုင်၏။ ၃၈ သို့သော်လည်း
ဘုရားသခင်သည် အကြံအစည်နှင့် အလိုတော်ရှိ
သည်အတိုင်း ကိုယ်ခန္ဓာကို ပေးတော်မူ၏။ ဘုရား
သခင်သည် မျိုးစေ့အသီးသီးတို့အားလည်း မိမိတို့
မျိုးစေ့အတိုင်း ကိုယ်ခန္ဓာကို ပေးတော်မူ၏။
၃၉ အသား(*ကိုယ်ခန္ဓာများ*)ဖြင့်ပြုလုပ်သောအရာများ
အားလုံးတို့သည် တူညီသောအသားတစ်မျိုးတည်း
မဟုတ်။ လူတို့သည် အသား(*ကိုယ်ခန္ဓာ*)တစ်မျိုး၊
တိရစ္ဆာန်များတို့သည် အခြားသောအသားတစ်မျိုး၊
ငှက်များတို့သည် အသားတစ်မျိုး၊ ငါးများတို့သည်
လည်း အသားတစ်မျိုး ကိုယ်စီရှိကြ၏။ ၄၀ ကောင်း
ကင်ကိုယ်ခန္ဓာများနှင့် မြေကြီးကိုယ်ခန္ဓာများလည်း
ရှိ၏။ သို့သော်လည်း ကောင်းကင်ကိုယ်ခန္ဓာများ၏
လှပမှုသည် တစ်မျိုးဖြစ်၍ မြေကြီးကိုယ်ခန္ဓာများ
၏လှပမှုသည်လည်း အခြားတစ်မျိုးဖြစ်၏။ ၄၁ နေ၏
လှပမှုလည်းတစ်မျိုးဖြစ်၏။ လသည်လည်း လှပမှု
တစ်မျိုးရှိ၏။ ကြယ်များသည်လည်း အခြားတစ်မျိုး
လှပမှုရှိကြ၏။ ကြယ်များတို့သည်လည်းခြားနားသော
လှပမှု ကိုယ်စီရှိကြ၏။

၄၂ ထိုနည်းတူ သေလွန်သောသူတို့သည် အ
သက်ရှင်ခြင်းသို့ ထမြောက်ခြင်းသည်လည်းဖြစ်၏။
စိုက်ပျိုးလျက်ရှိသော ကိုယ်ခန္ဓာပျက်စီးယိုယွင်းကာ
ဆွေးမြေ့သွားလိမ့်မည်။ သို့သော်လည်း အသက်ရှင်
ခြင်းသို့ ထမြောက်သော ကိုယ်ခန္ဓာသည် ပျက်စီး
ခြင်းသို့ မရောက်နိုင်။ ၄၃ ကိုယ်ခန္ဓာကို “စိုက်ပျိုး”
သောအခါ ဂုဏ်အသရေမရှိ။ သို့သော်လည်း ထို
ကိုယ်ခန္ဓာသည် ဘုန်းအသရေတော်နှင့် ထမြောက်
လိမ့်မည်။ ကိုယ်ခန္ဓာကို “စိုက်ပျိုး”သောအခါ အား
နည်းလျက်ရှိ၏။ သို့သော်လည်း ထိုကိုယ်ခန္ဓာသည်
ထမြောက်သောအခါ အစွမ်းတန်ခိုးရှိ၏။ ၄၄ “စိုက်ပျိုး”
လျက်ရှိသော ကိုယ်ခန္ဓာသည် ဇာတိပကတိ ကိုယ်
ခန္ဓာဖြစ်၏။ ထိုကိုယ်ခန္ဓာသည် ထမြောက်သော
အခါ ဝိညာဏကိုယ်ခန္ဓာဖြစ်၏။

ဇာတိပကတိကိုယ်ခန္ဓာလည်းရှိ၏။ ထို့ကြောင့်
ဝိညာဏကိုယ်ခန္ဓာလည်းရှိ၏။ ၄၅ ကျမ်းစာ၌ ရေး
ထားသည်မှာ “ပထမဦးဆုံးသောလူ (*အာဒံ*)သည်
အသက်ရှင်သောသတ္တဝါဖြစ်လာ၏။ သို့သော်လည်း
နောက်ဆုံးသော အာဒံ(*ခရစ်တော်*)သည် ဝိညာဉ်
ဖြစ်၍ အသက်ကို ပေးတော်မူ၏။ ၄၆ ဝိညာဉ်လူ
သည် ပထမလာသည်မဟုတ်။ ဇာတိပကတိကိုယ်
ခန္ဓာသည် ပထမဖြစ်လာခဲ့၏။ ထို့နောက်မှ ဝိညာဉ်
လူ ဖြစ်လာခဲ့၏။ ၄၇ ပထမဦးဆုံးသောလူသည် မြေ
ကြီးမှဖြစ်သော မြေမှုန့်မှလာခဲ့၏။ ဒုတိယလူ (*ခရစ်
တော်*)သည် ကောင်းကင်ဘုံမှ လာခဲ့၏။ ၄၈ လူတို့
သည် မြေကြီးနှင့်စပ်ဆိုင်ကြ၏။ သူတို့သည် ပထမ
ဦးဆုံးသောလူကဲ့သို့ ဖြစ်ကြ၏။ သို့သော်လည်း
ကောင်းကင်နှင့်စပ်ဆိုင်သောသူတို့သည် ကောင်း
ကင်မှလာသောလူကဲ့သို့ဖြစ်ကြ၏။ ၄၉ ငါတို့သည်
ထိုမြေကြီးမှလာသော လူကဲ့သို့ ဖန်ဆင်းသောသူ
များဖြစ်ကြ၏။ ထို့ကြောင့် ငါတို့သည် ကောင်းကင်
မှ လာသောလူကဲ့သို့လည်းဖြစ်ကြလိမ့်မည်။

၅၀ ညီအစ်ကိုမောင်နှမများတို့ ငါသည် သင်
တို့အား ဤအရာကို ဟောပြော၏။ အသားနှင့်သွေး
(*ဇာတိပကတိကိုယ်ခန္ဓာ*)သည် ဘုရားသခင်၏
နိုင်ငံတော်ထဲသို့ မဝင်နိုင်။ ပျက်စီးယိုယွင်းတတ်

သောအရာတစ်ခုသည် ဘယ်သောအခါမှ ပျက်စီး
ယိုယွင်းခြင်းမရှိသော တစ်စုံတစ်ရာထဲသို့ မဝင်နိုင်။
၅၁ သို့သော်လည်း နားထောင်ကြပါ။ ငါသည် သင်
တို့အား ဤလျှို့ဝှက်နက်နဲသောအရာကို ဟောပြော
မည်။ ငါတို့အားလုံးသည် သေရကြလိမ့်မည်မဟုတ်။
ငါတို့အားလုံးသည် ပြောင်းလဲခြင်းသို့ ရောက်ကြ
လိမ့်မည်။ ၅၂ ထိုအရာသည် တစ်စက္ကန့်မျှသောအ
ချိန်အတွင်း၌ဖြစ်ပျက်လိမ့်မည်။ ငါတို့သည် မျက်
တောင်တစ်ခတ်မျှလောက် မြန်ဆန်လွန်းလှသော
အချိန်အတွင်း၌ ပြောင်းလဲခြင်းသို့ ရောက်ကြလိမ့်
မည်။ နောက်ဆုံးသောတံပိုးမှုတ်သောအခါ ဤ
အရာသည် ဖြစ်ပျက်ပါလိမ့်မည်။ တံပိုးသည် မှုတ်
လိမ့်မည်။ ယုံကြည်၍သေလွန်သောသူများတို့သည်
ထာဝရအသက်ရှင်ခြင်းသို့ ထမြောက်ကြလိမ့်မည်။
ထိုအခါ ငါတို့အားလုံးသည်လည်း ပြောင်းလဲခြင်း
သို့ ရောက်ရကြလိမ့်မည်။ ၅၃ ပျက်စီးယိုယွင်းတတ်
သော ဤကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ ပျက်စီး
ယိုယွင်းလိမ့်မည်မဟုတ်သော တစ်စုံတစ်ရာကို ယူ
၍ ဝတ်ဆင်ရပါလိမ့်မည်။ သေတတ်သော ဤ
ကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ မသေနိုင်သော
တစ်စုံတစ်ရာကို ယူ၍ဝတ်ဆင်ရပါလိမ့်မည်။ ၅၄ ထို့
ကြောင့် ပျက်စီးယိုယွင်းတတ်သော ဤကိုယ်ခန္ဓာ
သည် ဘယ်သောအခါမျှ မပျက်စီးယိုယွင်းတတ်
သောအရာကိုဝတ်ဆင်ပါလိမ့်မည်။ သေတတ်သော
ဤကိုယ်ခန္ဓာသည် ဘယ်သောအခါမျှ မသေတတ်
သောအရာကို ဝတ်ဆင်ပါလိမ့်မည်။ ဤအရာတို့
သည် ဖြစ်ပျက်သောအခါ

"သေခြင်းသည် အောင်မြင်ခြင်း၌
နစ်မြုပ်ပျောက်ကွယ် (အရေးနိမ့်) သွားသည်"
*ဟေရှာယ ၂၅း၈*

၅၅ "အိုသေမင်း သင်၏အောင်မြင်ခြင်းသည်
အဘယ်မှာရှိသနည်း။
အိုမရဏာနိုင်ငံ သင်၏နာကျင်စေသော
တန်ခိုးသည် အဘယ်မှာရှိသနည်း"
*ဟောရှေ ၁၃း၁၄*

ဟူသော ကျမ်းချက်သည် မှန်ကန်လာပါလိမ့်မည်။
၅၆ သေမင်း၏ နာကျင်စေတတ်သော တန်ခိုးသည်
အပြစ်တရားဖြစ်၏။ အပြစ်တရား၏ တန်ခိုးသည်
ပညတ်တရားဖြစ်၏။ ၅၇ သို့သော်လည်း ငါတို့သည်
ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်း၏။ သူသည်
ငါတို့ သခင်ယေရှုခရစ်တော်အားဖြင့် ငါတို့အား
အောင်မြင်ခြင်းကို ပေးတော်မူ၏။
၅၈ ထို့ကြောင့် ငါချစ်သောညီအစ်ကိုမောင်နှမ
များတို့ ခိုင်ခံ့စွာ ရပ်ကြပါ။ သင်တို့ကို အဘယ်
အရာအားဖြင့်မျှ ပြောင်းလဲရွေ့လျော့ခြင်းအခွင့်မ
ပေးကြနှင့်။ ဘုရားသခင်၏ အမှုတော်၌ အစဉ်အမြဲ
ကိုယ့်ကိုယ်ကို အပြည့်အဝ ဆက်ကပ်အပ်နှံကြပါ။
သခင်ဘုရား၌ သင်တို့ လုပ်ဆောင်သောအရာမှာ
ဘယ်သောအခါမျှ အကျိုးမနည်းသည်ကို သင်တို့
သိကြ၏။

## အခြားသောယုံကြည်သူများအတွက် ကောက်ခံခြင်း

၁၆ ယခုတွင် ဘုရားသခင်၏ လူတို့အတွက်
အလှူတော်ငွေများကို ကောက်ထားကြရန်
ငါရေး၏။ ဂလာတိပြည်၌ရှိသောအသင်းတော်များ
ကို ငါမှာထားသည့်အတိုင်း သင်တို့ ပြုကြပါ။ ၂ အ
ပတ်စဉ်ပထမနေ့ရက်၌ သင်တို့သည် အဘယ်သို့
ကောင်းချီးမင်္ဂလာခံစားရသည်အတိုင်းသင်တို့တတ်
နိုင်သရွေ့အလှူငွေများကို များနိုင်သည်ထက်များ
အောင် စုဆောင်းကောက်ယူကြပါ။ သင်တို့သည်
အလှူတော်ငွေများကို အထူးသီးသန့်နေရာတွင်
သိမ်းထားကြရမည်။ ထို့နောက် ငါလာသောအခါ
သင်တို့သည် မိမိ၏အလှူတော်ငွေများကို ထပ်မံ
ကောက်ရလိမ့်မည်မဟုတ်။ ၃ ငါသည် ရောက်လာ
သောအခါ သင်တို့၏အလှူတော်ငွေနှင့် ဆုကျေးဇူး
များကို ယေရုရှလင်မြို့သို့ ယူသွားစေရန် ငါသည်
လူအချို့တို့ကို စေလွှတ်မည်။ ထိုသူတို့သည် သင်
တို့အားလုံး သဘောတူ၍ သွားရန်အလိုရှိသောသူ
ဖြစ်ရပါမည်။ ငါသည် သူတို့အား မိတ်ဆက်စာ
များနှင့်အတူ စေလွှတ်ပါမည်။ ၄ ငါသည်လည်း
သွားဖို့ရန် သင့်တော်လျှင် ထိုသူတို့သည် ငါနှင့်
အတူ သွားရကြလိမ့်မည်။

## ပေါလု၏အစီအစဉ်များ

၅ ငါသည် မာကေဒေါနိပြည်သို့သွားရန် စီစဉ်
၏။ ထို့ကြောင့် ငါသည် မာကေဒေါနိပြည်သို့ သွား
ပြီးမှ သင်တို့ရှိရာသို့လာမည်။ ၆ ငါသည် သင်တို့
နှင့်အတူ တည်းခို၍ နေပါမည်။ ငါသည် ဆောင်း
ကာလပတ်လုံးနေကောင်းနေမည်။ ထို့နောက်
သင်တို့သည် ငါသွားသောနေရာ လမ်းခရီးတို့၌ ငါ့
အား ကူညီမစနိုင်ကြပါမည်။ ၇ ယခုတွင် ငါသည်
သင်တို့ဆီသို့ လာ၍တွေ့ရန် အလိုမရှိ။ အဘယ်
ကြောင့်ဆိုသော် ငါသည် အခြားသောနေရာများသို့

သွားစရာရှိသေး၏။ အကယ်၍ သခင်ဘုရားသည်
ခွင့်ပြုတော်မူလျှင် ငါသည်သင်တို့နှင့်အတူ အချိန်
ကြာမြင့်စွာနေမည်ဟု ငါမျှော်လင့်ရ၏။ ၈ သို့သော်
လည်း ငါသည် ပင်တေကုတ္တေပွဲနေ့တိုင်အောင်
ဧဖက်မြို့၌နေမည်။ ၉ ငါသည် ဤနေရာ၌ နေရလိမ့်
မည်။ အဘယ်ကြောင့်ဆိုသော် ကြီးမား၍ ကြီးထွား
နေသော အမှုတော်လုပ်ငန်းအတွက် ကောင်းသော
အခွင့်ထူးကို ယခုတွင် ငါ့အား ပေးတော်မူ၏။ ငါ့
ကို ဆန့်ကျင်၍ ဆီးတားသောသူ မြောက်မြားစွာ
လည်း ရှိ၏။

၁၀ တိမောသေသည် သင်တို့ဆီသို့ လာကောင်း
လာနိုင်၏။ သူသည် သင်တို့နှင့်အတူ နေရာတွင်
စိတ်သက်တောင့်သက်သာရှိစေရန် ကြိုးစားလုပ်
ဆောင်ကြပါ။ သူသည် သခင်ဘုရား၏အမှုတော်
ကို ငါကဲ့သို့ လုပ်ဆောင်သောသူဖြစ်၏။ ၁၁ ထို့
ကြောင့် သင်တို့တွင် အဘယ်သူမျှ သူ့ကို မထီမဲ့
မြင်ပြုင်းပယ်ခြင်းကို မပြုစေနှင့်။ သူ့အားငြိမ်သက်
စွာဖြင့် ခရီးပြုမည်အကြောင်း ကူညီကြပါ။ သို့မှသာ
သူသည် ငါရှိရာသို့ ပြန်လာနိုင်မည်။ သူသည်
ညီအကိုများနှင့်အတူပြန်လာ၍ ငါသည် မျှော်လင့်
လျက်နေ၏။

၁၂ ယခုတွင် ငါတို့ညီအစ်ကိုအာပေါလုအကြောင်း
မှာ သူသည် အခြားသောညီအစ်ကိုများနှင့်အတူ
သင်တို့ဆီသို့ အလည်လာရန် ငါသည် သူ့အား
အခိုင်အမာတိုက်တွန်း၍ တောင်းပန်၏။ သို့သော်
လည်း ယခုတွင် သူသည် သွားဖို့ရန် အလိုမရှိ
ကြောင်း သေချာ၏။ သို့သော်လည်း သူသည် အခွင့်
ထူးပေါ်လာသောအခါ သင်တို့ဆီသို့ လာလိမ့်မည်။

**ပေါလုသည် သူရေးသောစာကို အဆုံးသတ်ခြင်း**

၁၃ သတိနှင့်စောင့်နေကြ။ ယုံကြည်ခြင်း၌ ဆက်
လက်၍ အားကြီးကာ တည်ကြည်ကြ။ရဲရင့်ခြင်းရှိ၍
ခွန်အားနှင့်ပြည့်စုံကြ။ ၁၄ ခပ်သိမ်းသောအရာတို့
ကို ချစ်ခြင်းမေတ္တာစိတ်နှင့်ဆောင်ရွက်ကြ။

၁၅ သတေဖန်နှင့် သူ၏အိမ်သူအိမ်သားတို့သည်
အခါယပြည်တွင် ပထမဦးဆုံးသော ယုံကြည်သူများ
ဖြစ်ကြသည်ကို သင်တို့ သိကြ၏။ သူတို့သည် ဘုရား
သခင်၏လူတို့အား အမှုကိုဆောင်ရွက်ရန် ကိုယ့်
ကိုယ်ကို ဆက်ကပ်အပ်နှံကြ၏။ ညီအစ်ကို မောင်
နှမများတို့ သင်တို့အား ငါတောင်းပန်သည်မှာ၊
၁၆ ဤကဲ့သို့သောသူတို့၏ဦးဆောင်လမ်းပြခြင်းနှင့်
သူတို့နှင့်အတူ အမှုဆောင်သောသူ ရှိသမျှတို့၏
အုပ်စိုးခြင်းကို သင်တို့သည် လိုက်နာခံယူကြရန်
ဖြစ်၏။

၁၇ သတေဖန်၊ ဖော်တုနတ်နှင့် အခါယကုတို့
သည် ရောက်လာကြသောကြောင့် ငါသည် ဝမ်း
မြောက်ခြင်းရှိ၏။ သင်တို့သည် ဤနေရာ၌မရှိကြ။
သို့သော်လည်း သူတို့သည် သင်တို့၏နေရာများ
ကို ဖြည့်စွက်၍ ပြည့်စုံစေကြ၏။ ၁၈ သူတို့သည် ငါ့
စိတ်ဝိညာဉ်နှင့် သင်တို့၏ စိတ်ဝိညာဉ်ကို သက်
သာစေကြပြီ။ ဤကဲ့သို့သောလူတို့၏ တန်ဖိုးကို
သင်တို့သည် သိမှတ်၍ လက်ခံကြပါ။

၁၉ အာရှပြည်၌ရှိသောအသင်းတော်များတို့သည်
သင်တို့ကို နှုတ်ဆက်ကြ၏။ အာကုလနှင့် ပြစ်ကိလ
တို့သည် သင်တို့ကို သခင်ဘုရား၌ နှုတ်ဆက်ကြ
၏။ သူတို့၏အိမ်၌ စုဝေးသော အသင်းတော်သည်
လည်း သင်တို့ကို နှုတ်ဆက်ကြ၏။ ၂၀ ဤနေရာ၌ရှိ
သောညီအစ်ကိုမောင်နှမများအားလုံးတို့သည်လည်း
သင်တို့ကို နှုတ်ဆက်ကြ၏။ သင်တို့သည် စည်းဝေး
သောအခါ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်
သန့်ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြပါ။

၂၁ ငါသည် ပေါလုဖြစ်၏။ ငါသည် ဤနှုတ်
ဆက်ခြင်းအချက်ကို ကိုယ်လက်နှင့် ရေးထား၏။

၂၂ လူတစ်ယောက်သည် သခင်ဘုရားကို မချစ်
လျှင် ထိုသူအား ဘုရားသခင်ထံတော်မှ ခွဲခွာစေ၍
ထာဝရဆုံးရှုံးခြင်းသို့ ရောက်စေသော။

အို သခင်ဘုရား ကြွလာတော်မူပါ။

၂၃ သခင်ယေရှု၏ ကျေးဇူးတော်သည် သင်တို့၌
ရှိပါစေ။

၂၄ ငါ၏ချစ်ခြင်းမေတ္တာသည် ခရစ်တော်ယေရှု
၌ရှိသော သင်တို့အားလုံး၌ ရှိပါစေသော။

ကောရိန္သုသြဝါဒစာ ပထမစောင်ပြီး၏။